# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၉၅)၊ အမှတ် (၃၅၂)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်အဖြစ် ရင်းနှီးစွာဆက်ဆံခဲ့ကြသည့် အစဉ်အလာကောင်း နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းရလဒ် ချစ်ကြည်ရေး လူစီးတွဲများနှင့် ရေနွေးငွေ့စက်ခေါင်းများ လွှဲပြောင်းပေးအပ်



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော လူစီးတွဲများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင် လူစီးတွဲများပေးအပ်ခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်ဘူတာကြီး၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ■

# သီးနှံများအတွက် ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် ဆည်တမံများတည်ဆောက်ရာ၌ ရေရှည်တည်တံ့ခိုင်ခံ့ရေး မြေဆီလွှာစူးစမ်းလေ့လာစိစစ်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည့်အားလျော်စွာ ရေသယံဇာတ၊ မြေသယံဇာတများကိုဖော်ထုတ်ပြီး တိုင်းပြည်အတွက် အသုံးချရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပေါများကြွယ်ဝသော ရေသယံဇာတများကို စိုက်ပျိုးရေးအတွက်အသုံးချနိုင်ရန် ဆည်မြောင်းတာတမံများကို စီမံချက်များချမှတ်၍ တည်ဆောက်ခဲ့ရာတွင် တပ်မတော်အစိုးရလက်ထက်၌ ဆည်မြောင်းတာတမံပေါင်း ၁၈၈ ခုကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

**စူးစမ်းလေ့လာရေး**

ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် နိုင်ငံတော်အနေဖြင့် ကျပ်ငွေသန်းပေါင်းများစွာအကုန်အကျခံ၍ စီမံချက်များချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီးသော ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ဆောင်ရွက်ကြရာ၌ ဆည်မြောင်းဦးစီးဌာနတွင်ရှိသော ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနတစ်ခုဖွဲ့စည်း၍ ဆောင်ရွက်ခြင်းသည်လည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်လျက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✱

သတင်းဆောင်းပါး - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)



**စက်ကိရိယာဖြင့် စစ်ဆေး**

ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ (ရန်ကုန်)မှ ဝန်ထမ်းတစ်ဦးက ဖို့မြေတွင် ပါဝင်သော ဆားဓာတ်များကို စက်ကိရိယာဖြင့် စစ်ဆေးနေစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

# မူဝါဒလမ်းစဉ်များကို ပြည်သူတို့နှင့်အတူ မယိမ်းမယိုင် ဆက်လက်အကောင်အထည်ဖော်သွားမည်

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ရန်အတွက် လိုအပ်သော အခြေခံကောင်းများဖြစ်သည့် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်မှုရရှိရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏အသိပညာဗဟုသုတ ပြည့်ဝစေရန်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယနေ့အချိန်တွင် တိုးတက်မှုအများအပြား ရရှိနေပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ကာ အမျိုးသားညီလာခံကို ဆက်လက် ကျင်းပလျက်ရှိသည်။

၂၀၀၆ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီး ထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါး ပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါ ဖြစ်ပွားမှုပြဿနာစသည့် ပြဿနာများသည် ဒေသတွင်း မတည်ငြိမ်မှုကို ဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသား တောင်းဆိုခဲ့သည်ကို တွေ့ရသည်။

၁၉၈၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်က ကုလသမဂ္ဂ အထွေထွေညီလာခံမှ အတည်ပြုခဲ့သည့် နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေး ကြေညာစာတမ်း၌ နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေး ပြဿနာများကို မမှန်မကန်အသုံးချခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ကြောင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်၏ တောင်းဆိုချက်များသည် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရမည်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် ဆောင်ရွက် ခြင်းကို ကန့်ကွက်ခဲ့ကြသကဲ့သို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံအကြီးအကဲများကလည်း ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့် ဆန့်ကျင်သည်ဟူ၍ ရပ်တည်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိတိကျကျ ခိုင်ခိုင်မာမာ ချမှတ်ဖော်ဆောင်လျက်ရှိရာ ဖိအားပေး၊ အကျပ်ကိုင်၊ ပိတ်ဆို့ အရေးယူမှုများကြောင့် မူဝါဒများ ပြောင်းလဲကျင့်သုံးမည်မဟုတ်ပေ။ အနာဂတ်နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ယခင်ကနှင့် မတူဘဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ပိုမိုရရှိစေမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် ထိုမူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူတို့နှင့်အတူ မယိမ်းမယိုင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်သာ ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံစုပါဝမ်း တာမွေလေး သံလမ်း အနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် သာယာရွှေပြည် အိမ်ရာ တိုက် ၂ အခန်း- ၅၀၄နေ ဦးအေးကြည်-ဒေါ်မီးမီး မိသားစုက အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်အရှင် ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

## ကျိုက်မရော ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၉

**မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၁၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခွေဟာသ်ခန်းမ၌ ကျင်းပသည်။**



### ဂုဏ်ပြုဆုပေးအပ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးဌေးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံ၍ **(ယာပုံ)** ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အသင်းဝင်များနှင့် သွေးလှူရှင် များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်သည်။

### ဖတ်ကြားတင်ပြ

ယင်းနောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှထွန်းက အမှာစကားပြောကြား၍ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ကဏ္ဍအလိုက်ဖတ်ကြားတင်ပြကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၃၅ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၇) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -ရေးဖွဲ့သီရာစာကဗျာလင်္ကာ (အပိုင်း-၁) |
| | ၁၉။ | English Usage |
| | ၂၀။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၇) |

**ဖခင် ဦးမြမောင်၊မိခင်ဒေါ်စိန် တို့အား ရည်စူး၍ အမှတ်၄ မြစပယ်လမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ်နေ ဦးကျော်မြင့်-ဒေါ်စန္ဒာဝင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးငွေ ပဒေသာ ပင် ကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံ**



**အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။** (က-ပ)

## MRTV4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | Myanmar Video Rhythm |
| ၇:၅၅ | တေးဂီတအစီအစဉ် |
| ၈:၀၀ | သာသနာ့အနွယ်ဝင် သီလရှင် |
| ၈:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ကြည်လင်ဝင်းပ သဘာဝ ဆေးစွမ်းအလှ |
| ၈:၄၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ | မေးကြည့် ဖြေကြည့်ပဟေဠိ (ရီဝေယံ၊ စုချစ်ဇော်) |
| ၉:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ | မြန်မာ့လက်မှု ယွန်းအနုပညာ |
| ၁၀:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀ | Midweek Sports News |
| ၁၀:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၃၀ | ဝေဠုဝန်ခေါ် ရုပ်ပွားတော် ထင်ပေါ်ကျော်ကြား စစ်ကိုင်းငါးထပ်ကြီးဘုရား |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်) Trade Mark |
| ၁၀:၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၀၀ | Fashion Fever (လေးထပ်ကွမ်း အကယ်ဒမီ ချိုပြုံးနှင့် တွေ့ဆုံခြင်း) |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ဖုန်ခါတံပြုလုပ်ပုံအဆင့်ဆင့် |
| ၁၁:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၅ | စားချင်စဖွယ် ဒေသထုတ် ဇလွန်ချင်းသုပ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

### English Premier League ဘောလုံးပွဲစဉ်

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၅ | Liverpool-Newcastle | 5-Sports (Live) |

### Series-A ဘောလုံးပွဲစဉ်

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၀၀ | AC Milan-Ascoli | 5-Series (Live) |

# ပြည်ပနိုင်ငံအချို့၏ ဖိအားပေးအကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး ပြည်တွင်း၌ တည်ငြိမ်အေးချမ်းမှုများပျက်ပြားအောင် လုပ်ဆောင်သူ ဟူသမျှကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က တိုက်ဖျက်ချေမှုန်းသွားမည်

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်တွင်းပြည်ပ အဖျက်သမားများ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပြီး တစ်ဖက်မှ မြန်မာနိုင်ငံ၏အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်း ဆွေးနွေးရန် ဖန်တီးလုပ်ဆောင်ခဲ့ပြီး အခြားတစ်ဖက်မှလည်း ပြည်တွင်း၌ ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပွားအောင် အကွက်ချလုပ်ဆောင်နေကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံကဦးဆောင်ပြီး မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်ကြောင်း အကြောင်းပြစွပ်စွဲကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းလုပ်ဆောင်နေချိန်နှင့် တစ်ပြိုင်တည်းတွင် ပြည်တွင်း၌ ဆူပူအုံကြွဖောက်ခွဲမှုများပြုလုပ်ရန် လှုပ်ရှားဆောင်ရွက်နေကြောင်း သတင်းများရရှိခဲ့သည်။

ပြည်ပြေးအကြမ်းဖက်သမားများနှင့် လက်ကျန်သောင်းကျန်းသူများ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)သည် ဗကပယူဂျီလက်ကျန်များနှင့် ပူးပေါင်းပြီး ဗကပများရေးဆွဲထားသည့် လူထုတိုက်ပွဲစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ဗဟိုလူထုတိုက်ပွဲကော်မတီကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိကြောင်း၊ ယင်းကော်မတီ၏ လက်အောက်တွင် ပြည်တွင်း ယူဂျီများဖြင့် ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီဆိုသည်ကိုလည်း ဖွဲ့စည်းထားကြောင်း၊ ယင်းကော်မတီတွင် မျိုးဆက်သစ်ကျောင်းသား အမည်ခံ အုပ်စု၊ ဝါရင့်နိုင်ငံရေးသမားဆိုသူများအချို့၊ CRPP အဖွဲ့ဝင်အချို့နှင့် NLD ပါတီဝင်အချို့လည်း ပါဝင်လှုပ်ရှားနေကြောင်း၊ ၎င်းတို့သည် သံဃာတော်များ၊ တက္ကသိုလ်၊ ကောလိပ် ကျောင်းသားများ၊ အလုပ်သမားများအတွင်း၌ အမာခံများ သွတ်သွင်း မွေးမြူပြီး ဆူပူအုံကြွမှုနှင့် အကြမ်းဖက်ဖောက်ခွဲမှုလုပ်ရပ်များ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်နေကြောင်း သတင်းများရရှိသည်။

ယင်းသို့ ပြည်ပနိုင်ငံအချို့၏ ဖိအားပေး အကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းသာယာမှု၊ ဒီမိုကရေစီဖော်ဆောင်မှုများ ပျက်ပြားစေရန်နှင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက်နည်းများဖြင့်ရယူရန် ကြံစည်လုပ်ဆောင်လာသော ပြည်တွင်းပြည်ပအဖျက်သမားများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်သူ့ဘဝ အေးချမ်းလုံခြုံမှုကို အကြမ်းဖက်သမားများက ဖျက်ဆီးနေ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်လျက်ရှိ လုံခြုံရေးသတိထားရှိပြီး ပူးပေါင်းကာကွယ်

**ရန်ကုန် စက်တင်ဘာ ၁၉**

အကြမ်းဖက်အဖျက်သမားပြည်ပြေးများနှင့်သောင်းကျန်းသူများသည် ပြည်တွင်းပြည်ပ ချိတ်ဆက်လျက် ဖောက်ခွဲဖျက်ဆီးမှုများ၊ ဆူပူအုံကြွမှုများ ချိန်ကိုက် လုပ်ဆောင်ကာ ပြည်သူတို့၏ဘဝ လုံခြုံအေးချမ်းမှုများ ပျက်ပြားအောင် ပူးပေါင်းကြံစည် လုပ်ဆောင်လျက်ရှိသည်။

KNU°အကြမ်းဖက် သောင်းကျန်းသူများသည် စက်တင်ဘာ(၁၈)ရက် နံနက်ပိုင်းက နယ်စပ်ဒေသ လောခီးလာ စခန်း၌ အစည်းအဝေးတစ်ခု ပြုလုပ်ပြီး လက်နက်ကိုင် တိုက်ခိုက်မှုများကို ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ယင်းအစည်းအဝေးသို့ KNU အတွင်းရေးမှူး ဖဒိုမန်းရှာ၊ တွဲဖက်အတွင်းရေးမှူး(၁) တူးတူးလေး၊ KNU တပ်မဟာ(၂) တပ်မဟာမှူး အားစီနှင့် KNU ဗဟိုမှ စိုးစိုးတို့ အပါအဝင် (၃၀)ခန့် တက်ရောက်ခဲ့ကြသည်။ KNU တပ်မဟာ(၂)မှူး အားစီသည် ပဲခူးတိုင်း တောင်ငူ–ညောင်လေးပင်အတွင်းပိုင်းသို့ ဖောက်ခွဲရေးအဖွဲ့များ စေလွှတ်ကာ ရထားလမ်း၊ ကားလမ်းနှင့် မြို့ရွာများ၌ မိုင်းထောင်ဖောက်ခွဲမှု အကြိမ်ကြိမ်ပြုလုပ်နေသူ ဖြစ်သည်။ ယင်း °KNUအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ရဟန်းရှင်လူ ခရီးသွား ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများက လုံခြုံရေး အထူးသတိပြုပြီး ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ တစ်ဖက်နိုင်ငံ မဲဆောက်မြို့၌ ပြည်ပြေး အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူ အဖျက်သမားများ ပူးပေါင်းအဖွဲ့က မြန်မာနိုင်ငံအတွင်း၌ ဆူပူအုံကြွမှုနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ဆက်စပ်လုပ်ဆောင်ရန်အတွက် လူထုလှုပ်ရှားမှုအစီအမံကို တိုးမြှင့်လုပ်ဆောင်နေပြီး ပြည်တွင်းသို့ စေလွှတ်ထားသော ၎င်းတို့၏ ယူဂျီများက ဆန့်ကျင်စာများ လျှို့ဝှက် ဖြန့်ဝေလျက်ရှိကြောင်း၊ ABSDF အထွေထွေ အတွင်းရေးမှူး ကျော်ကိုသည် မဲဆောက်မြို့ရှိ ABSDF ရုံး၌ စုစည်းထားသည့် ယူဂျီ (၄၀)အား ခေါ်ဆောင်၍ ABSDF ဌာနချုပ်ရှိရာ ဒေါင်းခွင်စခန်းသို့ ထွက်ခွာသွားကြောင်း၊ ယင်း ယူဂျီ(၄၀)သည် လူထုဆူပူအုံကြွမှုဖြစ်ပွားရေး သင်တန်းတက်ရောက်ထားသူများဖြစ်ပြီး ဒေါင်းခွင်မှတစ်ဆင့် စက်တင်ဘာ (၁၈)ရက်တွင် ပြည်တွင်းသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း ဆက်စပ်သတင်းများ ရရှိထားသည်။

သို့ဖြစ်၍ အများပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားရေး အဝန်းအဝိုင်းအတွင်းသို့ အကြမ်းဖက် အဖျက်အမှောင့်သမားများ ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်ရေးအတွက် လုံခြုံရေးသတိ ထားရှိကြရန်နှင့် မသင်္ကာဖွယ်ရာများတွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ကြိုတင်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**



တရုတ်နိုင်ငံ ကျန်စုပြည်နယ်အရှေ့ဘက်ရှိ ရန်ကူဆိပ်ကမ်း၌ ငါးဖမ်းခြင်း အထိမ်းအမှတ်ပွဲတော်တစ်ခု ကျင်းပနေသည်ကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံနှင့်ဒေသပေါင်း ၄၀ကျော်မှ လာရောက်မည့်ခရီးသွားများ ထိုင်းနိုင်ငံအတွင်း ဗီဇာမပါဘဲ ရက်၉၀နေထိုင်ခွင့်ပြုမည်

**ဗန်ကောက် စက်တင်ဘာ ၁၉**

ယခုနှစ် အောက်တိုဘာ ၁ရက်မှစပြီး နိုင်ငံနှင့်ဒေသ ၄၁ခု၌ ခရီးသွားများသည် ထိုင်းနိုင်ငံတွင်းသို့ လာရောက်ကြရာတွင် ဗီဇာမပါဘဲ ရက် ၉၀ အထိနေနိုင်ကြောင်း ထိုင်းအစိုးရက လူဝင်မှုကြီးကြပ်ရေး စည်းကမ်းချက်များကို ထုတ်ပြန်လိုက်သည်။

**ထုတ်ပြန်**

ရက် ၉၀ နေပြီးသော ခရီးသွားများသည် ထိုနိုင်ငံမှ ထွက်ခွာရမည်ဖြစ်ကြောင်း ထိုင်းလူဝင်မှုကြီးကြပ်ရေးရုံးက ထုတ်ပြန်ထားကြောင်း၊ ယင်းမှာ အောက်တိုဘာ ၁ရက်မှစ၍ အကျိုးသက်ရောက်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

**ပါဝင်**

ယင်းထုတ်ပြန်ချက်အရ နိုင်ငံပေါင်း ၄၀ကျော်မှ ခရီးသွားများ ပါဝင်သည်။ အများစုမှာ ဥရောပနိုင်ငံများ၊ ဂျပန်၊ အမေရိကန်၊ အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်နိုင်ငံ၏ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသတို့မှ ခရီးသွားများ ဖြစ်ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပါကစ္စတန်၌ ခေါင်မိုးပြိုကျ သုံးဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရ

**အစ္စလမ္မာဘတ် စက်တင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် စက်တင်ဘာ ၁၆ရက်က အဆောက်အအုံတစ်ခု၏ အမိုးပြိုကျခဲ့သဖြင့် အမျိုးသမီး သုံးဦးသေဆုံးပြီး အခြား ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဖြစ်ပွား**

ဖြစ်ပွားသည့်နေရာမှာ ပါကစ္စတန်နိုင်ငံမြို့တော်အစ္စလမ္မာဘတ်မှမြောက်ဘက် ကီလိုမီတာ ၁၂၀ခန့်အကွာ အဘိုဒါဘတ်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံရှိ ဂျီအီးအိုတီဗွီက သတင်းထုတ်လွှင့်သည်။

**ခေါင်မိုးပြိုကျ**

ဖြစ်ပွားမှုမှာ အသုဘတစ်ခုကို ကြည့်ရှုရန် အိမ်ခေါင်မိုးပေါ်သို့ မိသားစုလိုက် တက်ကြည့်ရင်း ခေါင်မိုးပြိုကျခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ဒဏ်ရာရသူ သုံးဦးမှာ အခြေအနေစိုးရိမ်ရဖွယ်ရှိပြီး ကျန်ဒဏ်ရာရရှိသူများမှာ ဆေးရုံတွင် ဆေးကုသမှု ခံယူရလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# တရားမဝင် စီဒီ၊ ဒီဗွီဒီ၊ ဆော့ဝဲလ်များ တရုတ်နိုင်ငံ၌ဖျက်ဆီး

ပေကျင်း စက်တင်ဘာ ၁၉

**တရုတ်နိုင်ငံတွင် မူပိုင်ခွင့်ကို ချိုးဖောက်၍ ခိုးထုတ်သည့် စီဒီများ၊ ဒီဗွီဒီများနှင့် ကွန်ပျူတာဆော့ဝဲလ် ၁၃ သန်းကို စက်တင်ဘာ ၁၆ ရက်တွင် ဖျက်ဆီးခဲ့ကြောင်း တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက စက်တင်ဘာ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။**



တရုတ်နိုင်ငံအတွင်း တရားမဝင် စီဒီ၊ ဒီဗွီဒီနှင့် ဆော့ဝဲလ်များ ဖျက်ဆီးနေသည်ကို စက်တင်ဘာ ၁၆ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

**သိမ်းယူခဲ့**

ထိုသို့ ဖျက်ဆီးခဲ့သော စီဒီ၊ ဒီဗွီဒီနှင့် ဆော့ဝဲလ်များတွင် ကွမ်တုံမှ အချပ်ရေ ခြောက်သန်း၊ ပေကျင်းမှ တစ်သန်း၊ စီချွမ်မှ ၁ ဒသမ ၈၈ သန်း၊ လျောင်နင်း မှခြောက်သိန်း၊ ကျင်စုမှ ငါးသိန်း၊ ဖူကျန်းမှ ခုနစ်သိန်းခွဲ၊ ရှန်တုံမှ သုံးသိန်းနှင့် ဟူနန်မှ နှစ်သိန်း သုံးသောင်းကို သိမ်းယူခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ပိတ်သိမ်း**

ရဲတပ်ဖွဲ့ဝင်များသည် တရားမဝင် လုပ်ကိုင်နေသော အိမ်ဆိုင်များ၊ လမ်းဘေးဆိုင်များနှင့် ဖြန့်ချိသည့် ကုမ္ပဏီ ၅၃၇၀၀၀ ကျော်ကို ဝင်ရောက်စီးနင်းခဲ့ပြီး အိမ်ဆိုင်များနှင့် လမ်းဘေး အရောင်းဆိုင် ၈၉၀၇ ဆိုင်၊ တရားမဝင် ထုတ်လုပ်သည့် ကုမ္ပဏီ ၄၈၁ ခုနှင့် တရားမဝင်သော ဝက်ဘ်ဆိုက် ၉၄၂ ခုကို နှစ်လအတွင်း ပိတ်သိမ်းစေခဲ့သည်။

**ဖမ်းဆီး**

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် အရှေ့တောင်ပိုင်း တစ်လျှောက်တွင် ယခုလမှစတင်ကာ တရားမဝင်သော စီဒီနှင့် ဒီဗွီဒီ ထုတ်လုပ်သောလုပ်ငန်း လေးခုကို ဒေသခံရဲအဖွဲ့က ဖော်ထုတ်ခဲ့သည်။ အလားတူပင် တစ်နိုင်ငံလုံးတွင် ယခုနှစ်၌ တရားမဝင် ထုတ်လုပ်သော လုပ်ငန်း ၁၀ ခုကို ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်၌ တိုက်ခိုက်မှု နှစ်ခုဖြစ်ပွား

**ဘဂ္ဂဒက် စက်တင်ဘာ ၁၉**

ဘဂ္ဂဒက်မြို့တော်တွင် စက်တင်ဘာ၁၇ ရက်က တိုက်ခိုက်မှုနှစ်ခုဖြစ်ပွားသဖြင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်း ရပ်ကွက်က ပြောဆိုသည်။

**ပေါက်ကွဲ**

ဘဂ္ဂဒက်မြို့တော် ဖိုင်ယူနာခရိုင်အတွင်း အီရတ် တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် အီရတ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရသွားသည်။

**ပစ်ခတ်**

ဘဂ္ဂဒက်မြို့တော် စက်မီယာခရိုင်အတွင်း ရဲကင်းလှည့်စဉ် သေနတ်သမားတို့ပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး၊ အရပ်သားတစ်ဦး ဒဏ်ရာရသွားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှု ကိုးဦးသေဆုံး၊ တစ်ရာကျော်ဒဏ်ရာရခဲ့

တိုကျို စက်တင်ဘာ ၁၉

**ဂျပန်နိုင်ငံ ကျူရှူးကျွန်းကို စက်တင်ဘာ ၁၇ရက်က အင်အားပြင်းထန်သော မုန်တိုင်းတစ်ခု တိုက်ခတ်သွားခဲ့ရာ လူကိုးဦးသေဆုံးကာ လူတစ်ရာကျော်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဂျပန်နိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။**

**တိုက်ခတ်**

ထိုရှန်ရှန် မုန်တိုင်းမှာ တစ်နာရီလျှင် မိုင်၁၁၀ နှုန်းခန့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ အနောက်ပိုင်း၏ ဒေသ အစိတ်အပိုင်းအများအပြားကို တိုက်ခတ်သွားခဲ့ခြင်းဖြစ်သည်။ ထိုမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်ဟု ၎င်းဌာနက ပြောကြားသည်။

**ပြောကြား**

လေတိုက်ခတ်မှု ပြင်းထန်သဖြင့် မော်တော်ယာဉ်များ လွင့်ထွက်ကာ ကျူရှူးကျွန်းပေါ်ရှိ နိုဘီအိုကာမြို့မှ အဆောက်အအုံအများအပြား ပျက်စီးသွားခဲ့ပြီး လူသုံးဦး သေဆုံးခဲ့သည်ဟု အင်န်အိပ်ချ်ကေ သတင်းဌာနက ပြောကြားသည်။

**ပျက်စီး**

ထို့အပြင် နိုဘီအိုကာမြို့မှ လူ ၁၀၀ကျော်လည်း ထိခိုက်ဒဏ်ရာရှိခဲ့ကြောင်း ၎င်းမြို့မှ အရာရှိတစ်ဦးက ပြောကြားသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမြန်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု အင်န်အိပ်ချ်ကေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

**ရပ်ဆိုင်း**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး ရထားများလည်း ပြေးဆွဲမှု ရပ်ဆိုင်းခဲ့ရသည်ဟု ကျိုဒိုသတင်းဌာနကလည်း သတင်းထုတ်ပြန်သည်။

**အမ်အင်အေ၊ရိုက်တာ**



**ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ရှန်ရှန် မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားနေသည်ကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ တံတားတစ်စင်းကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်တွင် ၁၅နှစ်အတွင်း တံတားပေါင်း တစ်သိန်းခွဲခန့် တည်ဆောက်ခဲ့ နှစ်စဉ်တံတားအစင်းပေါင်း တစ်သောင်းခန့် တည်ဆောက်ခြင်းဖြစ်

ပေကျင်း စက်တင်ဘာ ၁၉

**တရုတ်နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် ၁၅နှစ်ကျော်ကာလအတွင်း တံတားပေါင်း ၁၅၀၀၀၀ခန့် တည်ဆောက်ခဲ့ရာ တစ်နှစ်လျှင် တံတား အစင်းပေါင်း၁၀၀၀၀ ပျမ်းမျှတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ အင်ဂျင်နီယာအကယ်ဒမီမှ အကြီးအကဲ ဇူကန်ဒီက ပြောကြားသည်။**

ထိုသို့ တံတားများ တည်ဆောက်မှုသည် စုစုပေါင်းတံတားအရှည် ကီလိုမီတာ ၈၃၀၀ကျော်ရှိကြောင်း၊ ၎င်းတံတားများတွင် လမ်းတံတားများ၊ ရထားလမ်းတံတားများနှင့် မြို့ကြီးများ၏ ခုံးကျော်တံတားများ ပါဝင်ကြောင်း မစ္စတာဇူက စက်တင်ဘာ ၁၆ရက်၌ ပြောကြားသည်။

**ပုံစံ**

တရုတ်နိုင်ငံသည် ၁၉၅၀ပြည့်နှင့် ၁၉၆၀ပြည့်နှစ်များက တံတားတည်ဆောက်မှုနည်းပညာကို နိုင်ငံခြားမှ နည်းပညာများအသုံးပြု၍ တည်ဆောက်ခဲ့သော်လည်း ယခုအခါ မိမိကိုယ်ပိုင် နည်းပညာနှင့် ကိုယ်ပိုင် ဒီဇိုင်းပုံစံများထုတ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်းလည်း ၎င်းကပြော ကြားသည်။

**အောင်မြင်မှု**

တရုတ်နိုင်ငံမှ မြို့ပြအင်ဂျင်နီယာများ၊ ဗိသုကာအင်ဂျင်နီယာများနှင့် ပုံစံထုတ်အင်ဂျင်နီယာများသည် တည်ဆောက်ရေးလုပ်ငန်းများ၌ အောင်မြင်မှုများရလျက်ရှိကြောင်း မစ္စတာဇူက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# လာအိုလေကြောင်းလိုင်း ပြည်ပခရီးစဉ် တိုးချဲ့ ပျံသန်းမည်

**ဟန္နိုင်း စက်တင်ဘာ ၁၉**

လာအိုနိုင်ငံ လေကြောင်းလိုင်းက ပြည်ပလေကြောင်း ခရီးစဉ်သုံးခုအဖြစ် ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း လာအိုနိုင်ငံ ကေပီအယ်လ်သတင်းဌာနက စက်တင်ဘာ ၁၈ရက်၌ ထုတ်ပြန်သည်။

လာအိုအစိုးရက ၄၀ရာခိုင်နှုန်းပိုင်ဆိုင်သည့် အဆိုပါလေကြောင်းလိုင်းသည် လေကြောင်းခရီးစဉ်များကို ရက်သတ္တပတ် တစ်ပတ်လျှင် သုံးကြိမ်ပျံသန်းမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၄ရက်မှစ၍ လာအိုနိုင်ငံ ရှေးဟောင်းမြို့ဖြစ်သည့် လွမ်ပရာဘတ်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ပျံသန်းမည်**

အောက်တိုဘာ ၂၉ရက်တွင် လာအိုမှ ဗီယက်နမ်မြို့တော် ဟန္နိုင်းသို့လည်းကောင်း၊ အောက်တိုဘာ ၃၀ရက်၌ ကမ္ဘောဒီးယားနိုင်ငံ မြောက်ပိုင်းရှိ စိမ့်ရက်ဗ်မြို့သို့ ပျံသန်းမည်ဖြစ်သည်။

၎င်းလေကြောင်းလိုင်းဖြင့် တစ်နှစ်လျှင် လာအိုပြည်သူများနှင့် နိုင်ငံခြားသားခရီးသည်များ ၂၄၅၀၀၀ခန့် ခရီးသွားလာနိုင်မည်ဟု မျှော်လင့်ကြောင်း ကေပီအယ်လ်သတင်းဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

နိုင်ငံတကာ

သတင်းများ

# အသည်းရောင်အသားဝါ ဘီရောဂါ ဖြစ်ပွားမှု တရုတ်တစ်နိုင်ငံလုံးတွင် ကွင်းဆင်းသုတေသနပြုမည်

ပေကျင်း စက်တင်ဘာ ၁၉

**တရုတ်နိုင်ငံတစ်နိုင်ငံလုံးတွင် အသည်းရောင်အသားဝါဘီဖြစ်ပွားမှုကို တစ်နှစ်ကြာ ကွင်းဆင်းလေ့လာ သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း။ ထိုသို့ဆောင်ရွက်ခြင်းမှာ အဆိုပါရောဂါနှင့် ပတ်သက်၍ ကာကွယ်မှုနှင့် ထိန်းချုပ်မှုများအပေါ်တွင် ခေတ်မီနည်းစနစ်များနှင့် ညွှန်ကြားမှုများ ပြုလုပ်နိုင်ရန်ဖြစ်ကြောင်း တရုတ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။**

ကွင်းဆင်း သုတေသနပြုမှုကို ၂၀၀၆ ခုနှစ် စက်တင်ဘာမှ ၂၀၀၇ ခုနှစ် စက်တင်ဘာအထိ ပြုလုပ်သွားမည်ဖြစ်ပြီး အသက်တစ်နှစ်မှ ၅၉ နှစ်အထိ အရွယ်များကို သုတေသနပြုသွားမည်ဖြစ်သည်။

**စမ်းသပ်**

ထိုသို့ သုတေသန ပြုရာတွင် ဒေသခံပြည်သူ ၇၉၀၀၀ မှ သွေးနမူနာများကိုယူဆောင်ပြီး ဓာတ်ခွဲစမ်းသပ်မှုများ၊ သတင်းထုတ်ပြန်မှုများပြုလုပ်ကာ အနာဂတ်ကာလတွင် အသည်းရောင်အသားဝါဘီရောဂါထိန်းချုပ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်ဖြစ်ကြောင်း တရုတ်နိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**စေလွှတ်**

ကွင်းဆင်း သုတေသနပြုရေးအတွက် သက်ဆိုင်ရာဒေသများတွင် ဒေသခံဝန်ထမ်းများအား လေ့ကျင့်ပေးရေးနှင့် ရောဂါစစ်ဆေးရေးအတွက် ကျွမ်းကျင်သူများစေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**ခန့်မှန်းထား**

တရုတ်နိုင်ငံတွင် အသည်းရောင်အသားဝါဘီရှိနေသူ သန်း ၁၀၀ ခန့်ရှိမည်ဟုခန့်မှန်းထားပြီး အသည်းရောင်အသားဝါဘီနာတာရှည်ရောဂါဖြစ်ပွားနေသူ သန်း ၂၀ ခန့်ရှိနေမည်ဟုလည်း ခန့်မှန်းထားသည်။ တရုတ်နိုင်ငံတွင် အသည်းရောဂါကြောင့် လူ ၂၈၀၀၀၀ ခန့် နှစ်စဉ်သေဆုံးရလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကယ်ကွတ်မြို့နှင့် ဘဂ္ဂဒက်မြို့တို့၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွား

ကယ်ကွတ် စက်တင်ဘာ ၁၉

**အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ကားဗုံးခွဲမှုတစ်ခုအပါအဝင် ဗုံးခွဲမှုလေးခုကြောင့် စက်တင်ဘာ ၁၇ရက်က လူ ၂၃ ဦး သေဆုံးသည်။**

တိုက်တွန်း

**သဘောထားကွဲနေသော အီရတ်ပြည်သူများ ပြန်လည်သင့်မြတ်ကြရန် အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက တိုက်တွန်းပြီး နောက်တစ်ရက်တွင် ထိုသို့ဖြစ်ပွားခြင်းဖြစ်သည်။**

သေဆုံး

**အီရတ်သမ္မတ တာလာဘာနီ၏ ပီယူကေပါတီရုံးအပြင်ဘက်တွင် အသေခံကားဗုံးဖောက်ခွဲမှုမှာ အပြင်းထန်ဆုံးဖြစ်ပြီး ၁၇ ဦးသေဆုံးသည်။**

ပြောဆို

**ဘဂ္ဂဒက်မြို့၌လည်း အီရတ်ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် ၂၄ နာရီအတွင်း အလောင်း ၂၀ တွေ့ရကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောဆိုသည်။**

သတ်ဖြတ်

**အလောင်းများမှာ ဦးခေါင်းနှင့်ရင်ဘတ်တွင် သေနတ်ကျည်ဆန်ရာများရှိကာ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်သည့် လက္ခဏာတွေ့ရသည်ဆို၏။**

အမ်အင်အေ၊ဆင်ဟွာ

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## လက်တစ်ဖက်တည်းဖြင့် ကြက်ဥ ၁၄လုံး ကိုင်ပြသူ

**လက်တစ်ဖက်တည်းဖြင့်ကြက်ဥ ၁၄လုံး ကိုင်ပြသူ လူတစ်ဦးကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဂိုဟိုချွန်အမည်ရှိ အမျိုးသားတစ်ဦးက လက်တစ်ဖက်တည်းဖြင့် ကြက်ဥအလုံးပေါင်း ၁၄လုံးကို ကျွမ်းကျင်စွာ ကိုင်ပြခဲ့ရာ ကမ္ဘာပေါ်တွင် လက်တစ်ဖက်တည်းဖြင့် ကြက်ဥအလုံးရေအများဆုံး ကိုင်ပြနိုင်သူ အဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

## ထူးခြားစွာ ကြီးထွားလာသောငါး

**ထူးခြားစွာ ကြီးထွားလာသောငါးတစ်ကောင်ကိုပြသနေစဉ်။** (ယာပုံ)



တရုတ်နိုင်ငံ ဟေဘေးပြည်နယ် စီကျားကျောင်မြို့တွင်ရှိသော ငါးမွေးကန်ကြီးတစ်ခု၌ ငါးတစ်ကောင်မှာ ထူးခြားစွာကြီးထွားလာရာ အလေးချိန် ဝ ဒသမ ၈ ကီလိုရှိပြီး အရှည် ၂၀ စင်တီမီတာရှိကာ ငါး၏ဝမ်းဗိုက်မှာ စင်တီမီတာ ၃၀ကျော်ရှိကြောင်းသိရသည်။ ယင်းငါးမျိုးမှာ သေးငယ်သော အိမ်မွေးငါး အမျိုးအစား ဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးပဒေသာပင်နှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီက မြောက်ဥက္ကလာပမြို့နယ် အထူးကုဆေးရုံကြီး(ဝေဘာဂီ)သို့ ဆေးပဒေသာပင်နှင့်ဆေးပစ္စည်းများ လှူဒါန်းသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အထူးကုဆေးရုံကြီး(ဝေဘာဂီ)အတွက် ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးကိုယ်စား သမားတော်ကြီး ဒေါက်တာထင်အောင်စောက လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့်အဖွဲ့ မြောက်ဥက္ကလာပမြို့နယ် အထူးကုဆေးရုံကြီး(ဝေဘာဂီ)သို့ ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီးကိုယ်စား သမားတော်ကြီး ဒေါက်တာထင်အောင်စောထံ ပေးအပ်လှူဒါန်းစဉ်။** (မိခင်/ကလေး)

# ဆွမ်းစားကျောင်းအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ရွာသစ် ၃ လမ်းရှိ သီဟဋ္ဌဒီပဘုန်းတော်ကြီး ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်က အဆိုပါကျောင်းတိုက်၌ကျင်းပရာ ကျောင်းတိုက်ပဓာန နာယက ဘဒ္ဒန္တဉာဏဝံသထံ မိခင်ကြီး ဒေါ်ပဲ ခြောက်နှစ်ပြည့်ရည်စူး၍ အင်းစိန်ဈေးကုန်းအရှေ့ရပ်ကွက် မာလာလမ်းနေ ဒေါ်သန်းနှစ်၊ သား ကိုဌေးဦး၊ သမီး မရင်အေး မိသားစုက ငွေကျပ် ၅၄၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး သန်းထိုက်-ဒေါ်ကြည်အေး ရန်ကုန်၊ မိခင် ဒေါ်အုန်းကြည်နှင့် ဗိုလ်မှူးကြီး ဓာနည်ရှိန်၊ သမီး ဒေါ်ကေခိုင်လွင် ကလောမြို့တို့က ငွေကျပ်တစ်သိန်းစီ၊ ဗိုလ်မှူးကိုကိုအောင်-ဒေါက်တာသီသီစိုး၊ ရွှေပြည်သာမြို့က ကျပ်ခြောက်သောင်း အပါအဝင် အလှူရှင် ၃၂ ဦးက အလှူငွေကျပ် ၁၁၈၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါ နှစ်ထပ်ကျောင်းဆောင်အတွက် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံ ဖုန်း ၀၁-၆၄၄၃၁၅ နှင့် ဒေါ်သန်းနှစ် ဖုန်း-၆၄၀၁၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်အတွက် နှစ်ဖက်မိဘများအား ရည်စူး၍ အမှတ် ၅၈ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-ဒေါ်သီတာအေး၊ သမီး ဒေါက်တာခင်ဆွေလတ်၊ ဒေါက်တာကျော်စိန်၊ ခင်ဆွေမြတ်၊ ခင်ဆွေထက် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း လမ်းမ အမှတ် ၇၂(E)နေ ဦးမျိုးမြင့်-ဒေါ်နီနီလွင်မိသားစုက မိခင်ကြီး ဒေါ်လှလှခင်အား အမှူးထား၍ မွေးနေ့အလှူအဖြစ် (တစ်ဆယ့်တစ်ပါးသော မီးငြိမ်းရာ နိဗ္ဗာန်သို့ရည်မှန်း၍) အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

✡ *ကျောဖုံးမှ*

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေနီမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိကြ၍ ဓာတ်အားတောင်းခံငွေ လက်ခံဌာနကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းနိုင်က မြို့နယ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ဓာတ်အားခ တောင်းခံရရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**လုပ်ငန်းစဉ်**

ယင်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့နယ်အတွင်း ကောင်းကင်ဓာတ်အားလိုင်းကြိုးများ လဲလှယ်ပေးသွားမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**သတ်မှတ်ပေး**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြို့လှမြို့ရှိ ၃၃/၁၁ ကေဗွီ သဲဖြူ ဓာတ်အားခွဲရုံသို့ ရောက်ရှိကြရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရေနီ၊ သာဝတ္ထိ၊ မြို့လှမြို့တို့ အနီးတစ်ဝိုက်ဒေသများသို့ လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ဝန်ကြီးဌာနများမှ စက်ရုံသို့ လိုအပ်သည့်ဓာတ်အားကို အပြည့်အဝ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် တိုးချဲ့တည်ဆောက်ရမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်က တိုးချဲ့တည်ဆောက်မည့် ကေဗွီ ၂၃၀ ဓာတ်အားခွဲရုံအတွက် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဓာတ်အားခွဲရုံတည်ဆောက်ရန် မြေနေရာအား ရွေးချယ်သတ်မှတ်ပေးကာ လိုအပ်သည့် အစီအမံများကို အတည်ပြုသတ်မှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ၃၃ ကေဗွီ ဓာတ်အားထိန်းချုပ်ခန်းမအတွင်း ဓာတ်အားပို့လွှတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တိကျစွာ

**ကိုယ်ဝန်ဆောင်မိခင်၏ သွေးအတွင်းပါရှိသော ဟိုမုန်းဓာတ်အနည်းအများနှင့် သွေးကလာပ်စည်းများကို စစ်ဆေးပြီး ယောကျ်ားလေး၊ မိန်းကလေး တိကျစွာခွဲခြားပေးနိုင်ပြီဖြစ်ကြောင်း အဆိုပါသုတေသနပညာရှင်များက ပြောကြားသည်။**

**ယခုကဲ့သို့ သွေးနမူနာယူပြီး ခွဲခြားမှုမှာ အဏုမြူဓာတ်မှန်ရိုက်၍ အဖြေကွဲပြားစွာ မထုတ်နိုင်သေးသည့် အချိန်ကာလထက်ပင် စောစီးစွာ သိရှိနိုင်မည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာလန်းချီတီက ပြောဆိုသည်။**

ဘေးထွက်ဆိုးကျိုး

**မိခင် သွေးနမူနာယူပြီး စမ်းသပ်မှုသည် အဏုမြူဓာတ်မှန်ရိုက်ခြင်းထက် ဘေးထွက်ဆိုးကျိုးလည်းမရှိနိုင်ကြောင်း၊ အဖြေလည်း တိကျကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။** (အင်တာနက်)

■ *ကျောဖုံးမှ*

အဆိုပါ မျိုးစိတ်သစ်ငါးများတွင် အချို့ငါးမန်းမျိုးစိတ်ဝင် ငါးများသည် အရောင်စုံတောက်ပစွာ ကိုယ်ခန္ဓာအနှံ့အပြားတွင်ရှိနေပြီး ပင်လယ်ရေအောက် ကြမ်းပြင်၌ တွားသွား နေထိုင်သွားလာလျက်ရှိသည်ဟု ဆိုသည်။ ထိုငါးမန်းများသည် အန္တရာယ်တစ်စုံတစ်ရာနှင့်ကြုံတွေ့မှသာ ပုံမှန် ရေကူးသွားလာကြပြီး အချိန်အများအပြားမှာ ရေအောက်ကြမ်းပြင်၌ တွားသွားနေထိုင်တတ်ကြကြောင်း သိရသည်။

အချို့ပုစွန်မျိုးစိတ်များသည် တစ်ကိုယ်လုံး အဝါရင့်ရင့်ရောင်ရှိကာ အချို့မှာ အပြာရောင်ဖုံးလွှမ်းလျက်ရှိကြောင်း၊ သန္တာကောင်များမှာလည်း ပုံသဏ္ဍာန်မျိုးစုံနှင့် အရောင်မျိုးစုံရှိနေကြကြောင်း ဒေါက်တာအီရာဒမင်းက ပြောကြားသည်။ **(အင်တာနက်)**

# "Workshop on Challenges and Prospects for the Future of ASEAN-EU Relations" မဟာဗျူဟာလေ့လာရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "Workshop on Challenges and Prospects for the Future of ASEAN-EU Relations" မဟာဗျူဟာလေ့လာရေးအလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိစဗ္ဗိုင်းဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာန ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင် **(ယာပုံ)** က အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးပြီး Friedrich Ebert Stiftung မှ ကိုယ်စားလှယ် Dr. Paul Pasch က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ ဥရောပပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Dietrich Andreas တို့က မိတ်ဆက်စကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် "Accessing the Relations between ASEAN and EU" စာတမ်းကို ဥရောပပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell က လည်းကောင်း၊ "Challenges Ahead: ASEM, ARF ,ASEAN, APEC" စာတမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်တို့က လည်းကောင်း၊ "Developments in Myanmar-Prospects for the Road Map" စာတမ်းကို ရန်ကုန် စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကံဇော်နှင့် ပါမောက္ခ Robert Taylor တို့က လည်းကောင်း အသီးသီးဆွေးနွေး တင်ပြကြပြီး တက်ရောက်လာကြသူများ၏ ပါဝင်ဆွေးနွေးမေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ "Workshop on Challenges and Prospects for the Future of ASEAN-EU Relations" ကို စက်တင်ဘာ ၂၀ ရက်တွင် ယင်းဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



# သဲအင်းဂူ ၁၀ ရက်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အဓိဋ္ဌာန်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တသိရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပ)ဆရာတော်များက စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ၁၀ ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။ ဝင်ရောက် အားထုတ်လိုသူများ စက်တင်ဘာ ၂၁ ရက် ညနေ အရောက် မှတ်ပုံတင်နှင့်တကွ စာရင်းပေးသွင်း လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# အမြဲတမ်းဆန်းသစ်တီထွင်နေသော ပန်းချီကားများ မြန်မာ့ပန်းချီကဏ္ဍတွင် အချိန်နှင့်အမျှ ဖူးပွင့်ဝေစည်

❒ *ကျော်ဖုံးမှ*

## သက်ဝင်လှုပ်ရှား

စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် **“မြန်မာ့ပန်းချီပညာရှင်ကြယ်ပွင့်များ”** ပြခန်း၌ ပန်းချီကားပေါင်း ၄၄ ကား ပြသထားရာ ဆီဆေး ၃၄ကားနှင့် အခရိုင်းလစ်ပန်းချီကား ၁၀ကား ပါဝင်လျက်ရှိသည်။ ပန်းချီဆရာ ၁၀ ဦးတို့က လက်ရာများကို အကောင်းဆုံးတင်ပြထားသည်မှာ ပန်းချီကားတိုင်း အသက်ဝင် လှုပ်ရှားသည့်နှယ် ခံစားရသည်။

## ရေးဟန်ဆန်းသစ်

**“ဈေးသည်”**အမည်ရှိ ပန်းချီကားမှာ ဆရာသက်အောင်၏ လက်ရာဖြစ်သည်။ရေးဟန်က ဆန်းသစ်သည်။ ညောင်ဦးကားဂိတ်ရှိ သစ်ပင်အောက်၌ ဈေးရောင်းနေပုံ ဖြစ်သည်။

အနက်၊ အပြာ၊ နီ၊ ဝါ၊ ဖြူစသည့် အရောင်များကိုပေါင်းစပ်ကာ စုတ်ချက်သွက်သွက်ဖြင့် ခြယ်မှုန်းထားခြင်းဖြစ်သည်။ ခေတ်သစ်ပန်းချီရေးဟန်ဖြင့် အရောင်ခပ်ထူထူကို စုတ်ချက်အသော့နှင့်ထားခြင်းဖြစ်သည်။စိတ်ကူးကောင်း၊ နှင့် ကြည်ညိုဖွယ်ရာ ဘုရားမြင်ကွင်းပင်ဖြစ်သည်။ ပုဂံရှိ သဗ္ဗညုဘုရားကို အဝေးမှ မြင်တွေ့ရပုံဖြစ်သည်။ အပူရောင်များကို အတွင်းပိုင်း၌ထည့်ပြီး ဖွဲ့စည်းမှု ကောင်းကောင်းဖြင့် တင်ပြထားသည်မှာ သဗ္ဗညုဘုရားကို သွားရောက် ဖူးမြော်လိုစိတ်ပင်ဖြစ်အောင် ဆွဲဆောင်လွန်းလှသည်။ မည်သည့်အချိန်ကြည့်ကြည့် ဆန်းသစ်သော ခံစားမှုကို ပေးနေသည့် ပုဂံအလှများပင် ဖြစ်သည်။

သဘာဝဟန်မပျက် ရေးဆွဲထားသည့် ဆရာ သပြေမြင့်သိန်း၏ **“ငါးကြော်ကြိုက်တဲ့ပူစီ”** ပန်းချီကားမှာ အိမ်မွေးကြောင်လေး တစ်ကောင်၏ အလှမြင်ကွင်းကို ရေးဆွဲထားခြင်းဖြစ်သည်။ဆီဆေးကိုဓားဖြင့်ခပ်သွက်သွက် ရေးချက်ဆွဲထားရာ သရုပ်မှန်ပန်းချီကို ခေတ်မီရေးဟန်အတိုင်း အစွမ်းပြထားခြင်းဖြစ်ရာမြင်တွေ့နေကြမြင်ကွင်းဖြစ်သော်လည်း အရောင်သုံးတတ်မှု၊ ဓားဖြင့်ရေးဆွဲချက် ပိုင်နိုင်ကျွမ်းကျင်ခြင်းတို့ကြောင့် ပန်းချီကားမှာ ရှုချင့်စဖွယ် ရှိလှသည်။



ပန်းချီဆရာလှထွန်း၏ ပုဂံအလှ ပန်းချီကားမှာလည်း ခံ့ခံ့ထည်ထည်နှင့် ကြည်ညိုဖွယ်ရာအတိ ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

သည်။ စဥ့်အိုးများအပေါ် အလင်းရောင်ကျ နေပုံ၊ လူ၊ ရဟန်း၊ ဘုရား၊ လှည်းများကို တစ်ခုချင်းအရောင်များဖြင့် ပြသထားရာ ပြတ်သားမှု၊ ပြေပြစ်မှုနှင့်ပေါင်းစပ်ဖွဲ့စည်းမှုတို့ကြောင့် အဆင့်မြင့်သော ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။ ခံစားမှုသရုပ်မှန်လက်ရာဖြစ်၍ ငေးမောကြည့်စရာ ကောင်းလှပေသည်။

အမြဲတမ်း ဆန်းသစ်တီထွင်နေသောပန်းချီကားများကိုဖန်တီးနေသော မြန်မာ့ပန်းချီတို့၏ ကြိုးစားအားထုတ်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် **“မြန်မာ့ပန်းချီပညာရှင်ကြယ်ပွင့်များ”**



ပန်းချီဆရာရဲမြင့် (ရွှေသို့)၏ ပုဂံဘုရားပွဲ အမည်ရှိ ပန်းချီကားမှာ ခံစားမှုသရုပ်မှန်လက်ရာဖြစ်၍ ငေးမောဖွယ်ကောင်းလှပေသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

## လက်ရာမြောက်

**“သီလရှင်”** ဟု အမည်ပေးထားသော ပန်းချီဆရာ မာန်ဇာဟိန်း၏ ပန်းချီကားကိုလေ့လာမိသည်။ ရန်ကုန်မြို့ တစ်နေရာ၌ သီလရှင်နှစ်ဦး ခရီးတစ်ထောက် နားနေပုံ ဖြစ်သည်။ အနွေးရောင်များကို လှိုင်လှိုင်သုံးထားပြီး သီလရှင်တို့၏ မျက်နှာအမူအရာ၊ ဝတ်ရုံများအပေါ် အလင်းကျရောက်ပုံတို့ကို သရုပ်မှန်ရေးနည်းအတိုင်း အပိုအလိုမရှိ ခြယ်သထားသဖြင့် ပန်းချီကားမှာ သက်ဝင်လျက်ရှိသည်။ ဆီဆေးကို အထူအပါး ညီညွတ်စွာ ပေါင်းစပ်ထားသည်မှာလည်းလက်ရာမြောက်လှသည်။

## လက်စွမ်းပြ

ပန်းချီဆရာ မင်းမောင်မောင်ရွှေ၏ **“ကုသိုလ်”**အမည်ရှိ ပန်းချီကားဖြစ်သည်။ ပန်းချီရေးသက် ၃၅ နှစ်ရှိသူဖြစ်သည့်အပြင် အရောင်၊ အလင်း၊ မြင်ကွင်းတို့ကိုလည်း သုံးတတ် မြင်တတ်သူဖြစ်ရာ ပန်းချီကားမှာ စွဲဆောင်အားကောင်းလှသည်။ ပုဂံရှိ ရှေးဟောင်းဘုရားတစ်ဆူ၏ မုခ်ဝ၌ နံနက်ခင်းသန့်ရှင်းရေး လုပ်နေသော သီလရှင်တစ်ဦးပုံဖြစ်သည်။ ဆီဆေးကို ဓားဆွဲချက်ဖြင့်ရေးထားသည်မှာ အမှောင်၊ အလင်းတို့ကို ပိုင်နိုင်စွာ ခွဲခြားပြသနိုင်သည်။ အလှုပ်ရေးဟန်ဖြင့် အရောင်များကို မထိတထိ၊ အထောင်၊ အလှဲ ဓားဆွဲချက်များဖြင့် လက်စွမ်းပြထားသည်မှာ တကယ့်မြင်ကွင်းကို ကြည့်ရှုနေရသကဲ့သို့ ရှိနေသည်။

မြန်မာ့ပန်းချီသည် အမြဲတမ်း ရိုးစင်းနေသည့်သဘောကို မတွေ့ရတော့ချေ။ ရေးဟန်အသစ်၊ စိတ်ကူးအသစ်များကိုပါ တွေ့မြင်ခံစားရေးဆွဲနေကြပြီဖြစ်ရာ ကျေနပ်ပီတိဖြစ်စရာ ကောင်းပေသည်။

ဖွဲ့စည်းမှုကောင်းသည့် ပန်းချီကားပင်ဖြစ်သည်။

## လွမ်းမောဖွယ်

ခံစားမှုအပြည့်ဖြင့် ရေးဆွဲထားသည့်**“လရိပ်အလွမ်း”**ပန်းချီကားမှာ ရွှေမြင့်၏ လက်ရာဖြစ်သည်။ တိမ်များအကြားမှ ဝိုးတဝါးထွက်လာသော လရောင်အောက်၌ မြန်မာအမျိုးသမီးတစ်ဦး စောင်းတီးခတ်နေသည့်ဟန်ဖြစ်သည်။ ဆီဆေးကို အပိုအလိုမရှိ သုံးထားပြီး တော၊ တောင်နှင့် လအရောင်တို့ကြောင့် ရိုးစင်းသော ပြကွက်ဖြစ်သော်လည်း ရေးဟန်ကြောင့် အမြင်ဆန်းကာ အာရုံဖမ်းစားလှသည်။ ညအမြင်ကို အရောင်၊ အမှောင်၊ အလင်းအားကိုးဖြင့် လက်စွမ်းပြထားသည်မှာ ကြည့်သူ့ရင်ကို လွမ်းမောဖွယ်ရာဖြစ်စေသည်။

## ဆန်းသစ်သောခံစားမှု

ဆရာလှထွန်း၏**“ပုဂံအလှ”**ပန်းချီကားမှာလည်း တကယ့်ခံ့ခံ့ထည်ထည်



ပန်းချီဆရာ မာန်ဇာဟိန်း၏ သီလရှင် အမည်ရှိ ပန်းချီကားမှာလည်း ဆီဆေးကို အထူအပါးညီညွတ်စွာ ပေါင်းစပ်ထားသည်မှာလည်း လက်ရာမြောက်လှသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

## ခံစားမှု

**“ပုဂံဘုရားပွဲနေ့”** ပန်းချီကားမှာ ရဲမြင့်(ရွှေသို့)၏ လက်ရာမြောက် ပန်းချီကားဖြစ်သည်။ ပုဂံအာနန္ဒာဘုရားပွဲ အဝင်ဝနားမှ မြင်ကွင်းကို ဆီဆေးအသုံးပြုပြီး စုတ်နှင့် ဓားများဖြင့် ပေါင်းစပ်ခြယ်မှုန်းထားခြင်းဖြစ်

အမည်ရှိ ပန်းချီပြပွဲသို့ ပန်းချီ အနုပညာကို လေးစားမြတ်နိုးသော ပြည်သူများ မှတ်မှတ်ရရ သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်း သတင်းစကား ခံစားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



သဘာဝဟန်မပျက် ရေးဆွဲထားသည့် သပြေမြင့်သိန်း၏ ငါးကြော်ကြိုက်တဲ့ပူစီ ပန်းချီကား။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

# (၁၈)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာအပါး ၁၀၀၀နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းလောင်းလှူခဲ့ရာ (သီတင်းကျွတ်လပြည့်နေ့)တွင် ဆွမ်းသိမ်းအောင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ငွေပဒေသာပင်များနှင့် ဆွမ်းဆန်တော်များလည်း လှူဒါန်းကြမည် ဖြစ်သည်။ ငွေပဒေသာပင်များနှင့် ဆွမ်းဆန်တော်များကို အသင်းတည်ရှိရာ ရွှေလိပ်ပြာအိမ်ရာရှေ့ရှိ အလှူမဏ်လာမဏ္ဍပ်သို့ အောက်တိုဘာ ၅ ရက် နောက်ဆုံးထား၍ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာတဲ့ဟော့ မြန်မာ

✻ ဒို့များခြံထွက်၊ သီးရွက်သားငါး
ဒို့များစားလို့
ဒို့များအားရှိ၊ အားအပြည့်။
✻ ဒို့မိဘများ၊ သင်ကာကြားလို့
ဒို့များပိုင်ပိုင်၊ မယိုင်မယိမ်း
မတိမ်းမစောင်း
ကောင်းကောင်းလမ်းလျှောက်တတ်ပြီးပါ။
✻ မိဘဘိုးဘွား၊ ဆရာသမားတို့
သင်ကြားသမျှ၊ အမြဲပြုလို့
လူမှုလူရေး၊ ယဥ်ကျေးဖွယ်ရာ
မြန်မာဆန်ဆန်၊ မြန်မာ့ဟန်ဖြင့်
ဆက်ဆံဆက်သွယ်၊ လူ့ရပ်နယ်တွင်
တင့်တယ်လျောက်ပတ်၊ မတ်မတ်မားမား
လှုပ်ရှားနေတာ၊ မြင်ရမှာပေါ့။
✻ ဒို့ဘဝအတွက်၊ ရည်မှန်းချက်လည်း
တွက်ချက်သေချာ၊ ချမှတ်ကာဖြင့်
စကာတာထွက်၊ ခရီးဆက်နှင်
မျက်မြင်ရှေ့မှာ၊ တွေ့ရမှာပေါ့။
✻ ဒီတော့—
– အားရှိဖို့ရာ၊ သကာအုပ်ထား
အဆိပ်များကို၊ စားပါသောက်ပါ
စေတနာဗရပွ၊ လာမပြနဲ့။
– လမ်းလျှောက်တတ်ရေး
ဘေးမှကူကာ၊ တွဲပေးမှာဟု
ဆရာလာလုပ်၊ ဝင်မရှုပ်နဲ့။
– လူမှုယဥ်ကျေး၊ ဇောင်းတွေပေးပြီး
ယဥ်ကျေးမြန်မာ၊ ပျောက်ကွယ်လာအောင်
ကြံဆောင်အားထုတ်၊ လာမရှုပ်နဲ့။
– ပန်းတိုင်ရှိပြီး၊ ဒို့ခရီးကို
မလိုတမာ
ဝင်ကာစွက်ဖက်၊ မနှောင့်ယှက်နဲ့။
✻ ဒို့များမြန်မာ၊ ချုပ်အခြာကို
ဘာနဲ့မှမလဲ၊ မြဲမြဲမှတ်ပါ
မြန်မာတဲ့ဟော့ မြန်မာ။ ။

**ပုံလွှား**

# ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့် ဝါကျွတ်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် နှစ်စဥ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ် ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၆ ရက်) သောကြာနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဥ်)**

# ဆည်များ မြေအမျိုးအစားနှင့် အရည်အသွေး မှန်ကန်မှုရှိစေရေး မြေဆီလွှာ စူးစမ်းလေ့လာစိစစ်ရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းရွှေက စဘောရေလှောင်တမံတွင် မှန်ဘီလူးဖြင့် သဲနုန်းမြေစေးအရွယ်အစား မြေကြီးကို ဖို့မြေအဖြစ် အသုံးပြုရန် သင့်မသင့် စစ်ဆေးစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)



**✱ ရှေ့ဖုံးမှ**

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို ကွင်းဆင်းလေ့လာရေးသားရန် ပခုက္ကူမြို့သို့ ရောက်ရှိခိုက် ပခုက္ကူမြို့ ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးဝင်းအတွင်းရှိ ဆည်မြောင်းဦးစီးဌာန စူးစမ်း လေ့လာရေးဌာနခွဲသို့ ဝင်ရောက် လေ့လာခဲ့ကြသည်။

**မြေဆီလွှာစမ်းသပ်**

မြေဆီလွှာ စူးစမ်းလေ့လာရေးဌာနခွဲတွင် စူးစမ်းလေ့လာရေးဌာနခွဲ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့်အဖွဲ့ဝင်များအား တွေ့ရှိရ၍ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းရွှေအား မြန်မာ့အလင်း သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းရာမှ သိရှိရသည်မှာ မြေဆီလွှာစိစစ်ရေးအဖွဲ့ အနေဖြင့် ဆည်မြောင်းစီမံကိန်း မတည်ဆောက်မီ အကြိုစူးစမ်းလေ့လာမှုများကို ဆောင်ရွက်ရကြောင်း။

မြေဆီလွှာစိစစ်ရေးဌာနခွဲအနေဖြင့် မြေပြင်ကိုတိုင်းတာခြင်း၊ မြေပြင်မြေဆီလွှာစမ်းသပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရကြောင်း။

ယင်းဆောင်ရွက်မှု လုပ်ငန်းနှစ်ခုအနက် မိမိတို့အနေဖြင့် မြေဆီလွှာစမ်းသပ်ခြင်း လုပ်ငန်းကို အဓိကဆောင်ရွက်ရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပထမပိုင်းအနေဖြင့် စိုက်ပျိုးမြေ၏ အတန်းအစားကိုခွဲခြားပြီး မည်သည့်သီးနှံမျိုးဖြင့် သင့်တော်မည်ကို စမ်းသပ်ရသောလုပ်ငန်းဖြစ်ကြောင်း။

ထို့နောက် ဖို့မြေများတွင် မြေကြီးကိုပျက်စီးစေတတ်သည့် ဒစ်စပါးတစ်ဖြစ်သည့်မြေမျိုးပါမပါကို စမ်းသပ်စစ်ဆေးပေးရကြောင်း။

ပထမအဆင့်အနေဖြင့် မြေဆီလွှာနှင့် ပတ်သက်ပြီး ရရှိသည့်အခါတွင် ရေသောက် ဧရိယာတွင် မည်သည့်သီးနှံနှင့် သင့်တော်သည်ကို စနစ်တကျ စမ်းသပ်စိုက်ပျိုးလျှင် မိမိတို့ ရည်မှန်းသည့် ပန်းတိုင် အထွက်နှုန်းရရှိရန် များစွာအထောက်အကူပြုကြောင်း၊ မြေဆီလွှာနှင့် သင့်တော်မည့် သီးနှံ၏ ပုံစံကိုချပြီး စိုက်ပျိုးသည့်အခါ စနစ်ကျပြီး မြေနှင့် သင့်တော်သည့် သီးနှံများကို ရွေးချယ်ရသည့်အတွက်အထွက်နှုန်းများသည့် ပန်းတိုင်အထွက်နှုန်း ရရှိမည်ဖြစ်ကြောင်း။

ဒုတိယအဆင့်အနေဖြင့် တည်ဆောက်သည့်အခါမှာ လိုအပ်သည့် ဖို့မြေများကို မိမိတို့ စူးစမ်းလေ့လာရကြောင်း၊ ဖို့မြေများကိုစမ်းသပ်ရာတွင် ယခင်အခါကမူ မြေစိုင်ခဲကို ရေစိမ်၍ မြေ၏ပြိုကွဲမှု လျင်မြန်သည်၊ နှေးသည် အပေါ် မူတည်ပြီး အတန်းအစားခွဲ၍ ရေစိမ်ပြီး ၁၀ မိနစ်အတွင်းမှာ ပျော်သွားပါက ယင်းမြေစိုင်ခဲမျိုးကိုထည့်ရန် မကောင်းဟု လည်းကောင်း၊ ၁၀ မိနစ်ကျော်သွားလျှင် နည်းနည်းကောင်းလာမည်၊ နှစ်နာရီ သုံးနာရီခံလျှင် ပိုကောင်းသည်ဟု စမ်းသပ်သည့်နည်းကို အသုံးပြုခဲ့ကြောင်း၊ ယခုအခါတွင် ရူပဂုဏ်သတ္တိနည်းဖြင့် စမ်းသပ်မှုမှာလုံလောက်မှုမရှိကြောင်း သိရှိလာခဲ့ကြောင်း၊ အချို့ဆည်များတွင် ထူးဖောက်သည့်မြေများ တွေ့လာကြောင်း၊ ထိုအခါ ဓာတု ဂုဏ်သတ္တိဖြစ်သည့် မြေဆီလွှာတွင် ဆိုဒီယမ်ဓာတ်ပါလျှင် မြေကြီးကို ပြိုကွဲမှု လျင်မြန်ပြီး ထူးပေါက်သည့် အပျက်အစီးမျိုး ကြုံတွေ့ရကြောင်း၊ ထို့ကြောင့် ဖို့မြေကို စမ်းသပ်ရာတွင် ရူပဂုဏ်သတ္တိသာမက ဓာတုဂုဏ်သတ္တိ ဆိုဒီယမ် ပါဝင်မှု အနည်းအများကိုပါ စမ်းသပ်စစ်ဆေးလာရကြောင်း၊ ထိုအခါတွင် ဆိုဒီယမ်ဓာတ်မြေကြီးထဲတွင် ဖလှယ်နိုင်သည့် ရာခိုင်နှုန်း(E.S.P)၁၅ ထက် ကျော်လျှင် ထူးပေါက်နိုင်သည်ဟု သတ်မှတ်ကြောင်း၊ ဆိုဒီယမ် ၈ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ်ပေါင်းလို့ ၁၅ ရာခိုင်နှုန်းကျော်လျှင် ထူးပေါက်သည်ဟူ၍ ယူဆ၍ ရပါကြောင်း၊ ထို့ကြောင့် ဂုဏ်သတ္တိတင်မက ဓာတုဂုဏ်သတ္တိ မြေကြီးတွင် ပါဝင်သည့် ဆိုဒီယမ်နှင့် မဂ္ဂနီဆီယမ်ဓာတ်ပါဝင်မှုများကို စမ်းသပ်စစ်ဆေးရကြောင်း၊ ထို့ကြောင့် ဓာတုစမ်းသပ်သည့် ဓာတ်ခွဲပစ္စည်းများဖြင့် ကွင်းဆင်းသည့်အခါ နယ်ကို အရောက်သယ်ဆောင်၍ စမ်းသပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မေးမြန်းရာ၌–

**မေး –** နိုင်ငံတော်က စီမံချက်ဖြင့် ဆည်တွေတည်ဆောက်သည့် နေရာအားလုံးတွင် ယခုလို စမ်းသပ်မှုဖြင့် တည်ဆောက်ခဲ့ပါသလား။

**ဖြေ –** မိမိတို့ ယခင်က နည်းဖြစ်သည့် မြေခဲကို ရေစိမ်၍ ရူပဂုဏ်သတ္တိနည်းဖြင့် စမ်းသပ်ခဲ့ရာမှ ယခုနောက်ပိုင်းမှာ ခေတ်မီနည်းပညာ တိုးတက်လာသည့် နည်းစနစ်တွေဖြင့် ဓာတုဂုဏ်သတ္တိများကိုပါစမ်းသပ်ရာမှာဆည်ကျိုးပေါက်မှု အပျက်အစီးနည်းပါးပြီး ပိုပြီး ခိုင်ခံ့သည့် ဆည်တွေ တည်ဆောက်လာနိုင်ပြီ ဖြစ်ပါတယ်။

မိမိတို့ နောက်ပိုင်းတွင် ဆည်တမံများမှာ စမ်းသပ်နေသည့် အရည်အသွေးစမ်းသပ်သည့်ကျွမ်းကျင်ဝန်ထမ်းများကို မိမိတို့ဓာတုနည်းစနစ်ဖြင့် စမ်းသပ်သည့် နည်းပညာများကို ဖြန့်ဖြူးပြီးဆောင်ရွက်ရန် မိမိတို့ ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင် ညွှန်ပြထားကြောင်း၊ မိမိတို့ ဌာနခွဲအနေဖြင့် ဆည်တာတမံအရည် အသွေးကောင်းမွန်ရန်အစွမ်းကုန် စွမ်းဆောင်လျက်ရှိကြောင်း၊ မိမိတို့ ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ ပခုက္ကူခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းစီမံကိန်းများ ဆောင်ရွက်ရာတွင် လက်ကျန်တမံ ၂၀ ခု တည်ဆောက်ရန် ကျန်ရှိကြောင်း၊ ယင်းဆည်တမံ၂၀ ခုမှာ အရည်အသွေး၊ အရေအတွက်များကြောင့် ဓာတ်ခွဲခန်းရှိသည့် ရန်ကုန်မြို့နှင့် အလှမ်းဝေးသည့်အတွက် ဆည်တမံများ လျင်လျင်မြန်မြန် တည်ဆောက်နိုင်ရန် အရည်အသွေး ကောင်းမွန်မှုရှိ၊ မရှိ တည်ဆောက်မည့် တာဝန်ခံများ အချိန်တိုအတွင်း ဖို့မြေ ကောင်း မကောင်း သိရှိနိုင်ရန်၊ ဆုံးဖြတ် နိုင်ရန် မိမိတို့ ဓာတ်ခွဲခန်းကို စီမံကိန်းနှင့် နီးသည့် ပခုက္ကူမြို့သို့ ရွှေ့ပြောင်းပြီး ကွင်းဆင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

**အထောက်အကူပြု**

မြေဆီလွှာစူးစမ်းလေ့လာစိစစ်ရေးအဖွဲ့သည် သီးနှံများစိုက်ပျိုးရာတွင် သတ်မှတ်သော အထွက်နှုန်းများထွက်ရှိရေးကို အထောက်အကူပြုရန်နှင့် ဆည်များတည်ဆောက်ရာ၌ မြေအမျိုးအစားမှန်ကန်မှသာလျှင် တာတမံများ ရေရှည်တည်တံ့ပြီး အောက်ခြေဆည်မြေသားများ အရည်အသွေးမှန်မှ ရေများယိုစိမ့်ခြင်းမှ ကင်းလွတ်မည်ဖြစ်သောကြောင့် ယခင်ကဆည်မြောင်းရုံးချုပ်တွင်သာစစ်ဆေးမှု ပြုလုပ်နေရာမှ သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ ကွင်းဆင်းလုပ်ဆောင်ခြင်းဖြင့် ဆည်များတည်ဆောက်ရာ၌ အချိန်နှောင့်နှေးကြာမြင့်ခြင်းမရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်ကို လေ့လာသိရှိခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**မကွေးတိုင်း လယ်ယာနှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ထိန်းသိမ်းရေး)ရုံးတွင်တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးမှူး(ဓာတ်ခွဲ)ဒေါ်မေအေးလွင်က မြေကြီး၏ ချဉ်ငန်ကိန်းကို စမ်းသပ်စစ်ဆေးနေစဉ်။** ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)



**ဖို့မြေတွင်ပါဝင်သော ဆိုဒီယမ်ဓာတ်နှင့် ကယ်လ်ဆီယမ်ဓာတ်ပါဝင်မှုကို Flame Photo မီတာဖြင့် စစ်ဆေးနေစဉ်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

# ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း နှစ်ပတ်လည် အဖွဲ့ဝင်များအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၏ (၂၄)ကြိမ်မြောက် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို စက်တင်ဘာ၁၇ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း Sedona Hotel၌ ကျင်းပရာ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းနှင့် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်မြှောက်**

ရှေးဦးစွာ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌအသစ်နှင့် ကော်မတီဝင်အသစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက်(၉)ကြိမ်မြောက် နှစ်ပတ်လည်အဖွဲ့ဝင်များ အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌဦးလှထွန်းက ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

**ဖတ်ကြား**

ဆက်လက်၍ အတွင်းရေးမှူး ဦးထွန်းအေးက (၈)ကြိမ်မြောက် နှစ်ပတ်လည်အဖွဲ့ဝင်များအစည်းအဝေးမှတ်တမ်းနှင့် (၉)ကြိမ်မြောက်နှစ်ပတ်လည်အဖွဲ့ဝင်များအစည်းအဝေးသို့ တင်သွင်းသည့် စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာတို့ကို ဖတ်ကြားသည်။

ထို့နောက်မန္တလေးမြို့ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းမှ ဒေါ်ခင်အေးမြင့်က မန္တလေးမြို့ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စာရင်းစစ် ဦးဝမ်းတင်က ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို တင်ပြကြသည်။

ယင်းနောက် ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌအဖြစ် ပါရဂူ ဗိုလ်မှူးကြီး မျိုးညွန့်အားလည်းကောင်း၊ ကော်မတီဝင်အဖြစ် မန္တလေးမြို့ Hospiceအုပ်ချုပ်မှုအဖွဲ့ဝင် ဦးမောင်မောင်အောင်အားလည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။ **(မြန်မာ့အလင်း)**

# မြို့ရေပေးရေး စနစ်တကျဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၉**

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးစီမံကိန်းအား စနစ်တကျရေးဆွဲ ဆောင်ရွက်လျက်ရှိရာ မြို့သစ် ၅လမ်းထိပ်တွင် မြို့ရေပေးရေး ဂါလန်၂၅၀၀ဆံ့ အများသုံးအုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းအား စက်တင်ဘာ၄ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်နိုင်မင်းတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်များ

**မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက်ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရာတွင် ကြိုတင်တင်ပြရန်လိုအပ်မည့် အချက်များအား လျှောက်ထားသူ ကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–**

**အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် ပါရှိရမည့်စာရွက်စာတမ်းများ**

၁။ ကာယကံရှင်ကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
၂။ လျှောက်ထားသူအမည်စာရင်းပါ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူတစ်စောင်စီ။
၃။ အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် လျှောက်လွှာနှင့် ရပ်ကွက်အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ (ရယက)ထောက်ခံချက် မူရင်းပါရမည်။
၄။ မိဘနှစ်ပါး၏ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ် မူရင်းနှင့် မိတ္တူတစ်စောင်။
၅။ မွေးစာရင်း (သို့မဟုတ်) ကျောင်းထောက်ခံချက် မူရင်းနှင့် မိတ္တူပါရမည်။
၆။ သွေးစစ်ချက်။
၇။ တစ်လက်မ X ံတစ်လက်မအရွယ် ဓာတ်ပုံလေးပုံ (မျက်မှန်မပါ)။

**မှတ်ချက် – နိုင်ငံသားအရည်အချင်းပြည့်မီသူမှန်လျှင် လျှောက်ထားသည့်ရက်မှ ၂၈ ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိပါက ညွှန်ချုပ်၊ လဝက နေပြည်တော်သို့ စာဖြင့် ရေးသားတိုင်ကြားနိုင်ပါသည်။**

**နိုင်ငံသားစိစစ်ရေးကတ်ပြားများ (ပျောက်ဆုံး/ပျက်စီး) မိတ္တူလျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများ**

၁။ ကာယကံရှင်၏ ဝန်ခံချက်နှင့် ကိုယ်တိုင်လာရောက်လျှောက်ထားရမည်။
၂။ ရှေ့ပြေးလျှောက်လွှာ (မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီးဇယား ပါရှိရမည်)။
၃။ ပျောက်ပျက်ထုတ်ပေးရန်လျှောက်လွှာ (ရပ်ကွက်အတွင်းနေထိုင်ကြောင်း ရယက၊ အမှန်တကယ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်ပါရှိသော) ပုံစံထွေ(၄)ပါရှိရမည်။
၄။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူတစ်စောင်စီ။
၅။ တစ်လက်မ X တစ်လက်မအရွယ် ဓာတ်ပုံလေးပုံ (မျက်မှန်မပါ)။
၆။ မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ/နံပါတ်။
၇။ ပျက်စီးပါက ပျက်စီးသည့်ကတ်ပြားမူရင်းနံပါတ် ပါရှိရမည်။

■ ရှေ့ဖုံးမှ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာန အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu ၊ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng နှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေမန်နေဂျာများ၊ ရန်ကုန်ဘူတာကြီး ရုံပိုင်ချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကုန်ဘူတာကြီး၌ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng က ချစ်ကြည်ရေးလက်ဆောင်လူစီးတွဲများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ကျေးဇူးတင်စကား ပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစိုက်မတ်မတ် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့လာသည်နှင့်အမျှ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း၊ အပြန်အလှန် ကူးလူးဆက်ဆံရာက ချစ်ခင်ရင်းနှီးမှုတိုးတက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းအများအပြားကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့မီးရထားသည် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍတွင် အဓိကကျသော သယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်**

နိုင်ငံတော်၏ ဗဟိုချက်မဖြစ်သည့် နေပြည်တော်နှင့် နိုင်ငံအနှံ့ဒေသများသို့ ရထားလမ်းဆက်သွယ်မှု တိုးချဲ့ဆောင်ရွက်နေသည့်နည်းတူ စီးပွားရေးအချက်အချာ ဒေသနှစ်ခုဖြစ်သည့် ရန်ကုန်နှင့် မန္တလေးအကြားကိုလည်း ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်း စသည်တို့ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ယခု လွှဲပြောင်း ပေးအပ်သည့် လူစီးတွဲ ၁၃၀သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့သော လူစီးရထားတွဲများဖြစ်ကြောင်း၊ ယင်းလူစီးတွဲများကို မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ လိုအပ်သည့် မွမ်းမံမှုများကို ဆောင်ရွက်၍ အသုံးပြုသွားရန်ဖြစ်ကြောင်း၊ မွမ်းမံပြီး လူစီးတွဲများကို ရန်ကုန်-မန္တလေး လမ်းပိုင်း အစုန်အဆန် အထူးအမြန်ရထားတွင် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၄ ရက် မှ စတင်၍ အသုံးပြုလျက်ရှိကြောင်း။

**ရလဒ်ကောင်း**

ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် လူစီးရထားတွဲ ၁၃၀ ပေးအပ်ခြင်းသည် မြန်မာနိုင်ငံ ပြည်သူပြည်သားတိုင်း၏ ခရီးသွားလာ အဆင်ပြေချောမွေ့မှုကို အထောက်အပံ့ဖြစ်စေကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ခြင်း၊ ရှေးယခင်ကတည်းက ဆွေမျိုးပေါက်ဖော်အဖြစ် ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိနေခြင်း၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းများ၏ ရလဒ်ကောင်းအဖြစ် ယခုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးတွဲများ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng ထံ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေက ပြည်ထောင်စုမြန်မာနိုင်ငံမြန်မာ့မီးရထားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင် အဖြစ် ပေးအပ်သော လူစီးတွဲ ၁၃၀ ကို ပြည့်စုံစွာ လက်ခံရရှိကြောင်း စာရွက်စာတမ်းများကို ပေးအပ်သည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ရေနွေးငွေ့စက်ခေါင်းနှစ်လုံးနှင့် လူစီးတွဲနှစ်တွဲ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး လက်ဆောင်ပေးအပ်သည့် ရေနွေးငွေ့စက်ခေါင်းနှစ်လုံးနှင့် လူစီးတွဲနှစ်တွဲနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူချက်ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရေနွေးငွေ့စက်ခေါင်း နှစ်လုံးနှင့် လူစီးတွဲနှစ်တွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး လက်ဆောင်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေး လုပ်ငန်းကို ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်း၊ ထိုစဉ်အခါက ရေနွေးငွေ့စက်ခေါင်းများကို အင်္ဂလန်နိုင်ငံမှ တင်သွင်းကာ တွဲရှေ့စက်ခေါင်း၊ လူစီးရထားစက်ခေါင်း၊ကုန်ရထားစက်ခေါင်းများအဖြစ် အသုံးပြုခဲ့ပြီး စက်ခေါင်းပြင်စက်ရုံကို ရန်ကုန်(အင်းစိန်)တွင် တည်ဆောက်ခဲ့ကြောင်း၊ ဒီဇယ်သုံးရထားစက်ခေါင်းကို မြန်မာ့မီးရထား၌ ၁၉၅၈ ခုနှစ်၌ စတင်အသုံးပြုခဲ့ကြောင်း၊ ရေနွေးငွေ့စက်ခေါင်းများကိုလည်း ယခုတိုင်အသုံးပြုဆဲဖြစ်ကြောင်း။

**စိတ်ဝင်စား**

ယနေ့ချစ်ကြည်ရေးလက်ဆောင်အဖြစ် လွှဲပြောင်းပေးအပ်သည့် ရေနွေးငွေ့ စက်ခေါင်းသည် Robert Stephenson & Hawthorn Co., Ltd. မှ ထုတ်လုပ်ပြီး ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တွဲရှေ့စက်ခေါင်းအဖြစ် စတင် အသုံးပြုခဲ့ကြောင်း၊ တန်ချိန် ၆၀၀ အထိ ချိတ်ဆွဲနိုင်သော ကျောက်မီးသွေးအသုံးပြု ရေနွေးငွေ့ စက်ခေါင်းဖြစ်ကြောင်း၊ ယခုအခါ ထိုရေနွေးငွေ့စက်ခေါင်းနှင့် တွဲများကို ယခင်ခေတ်သုံး စက်ခေါင်းများအဖြစ် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစရာ၊ လူငယ်များစိတ်ဝင်စားစရာ ဖြစ်လာခဲ့ကြောင်း၊ ယခုခေတ်တွင် ဒီဇယ်စက်ခေါင်းများဖြင့် ပြေးဆွဲသော ရထားများကို စီးနင်းသွားလာရင်း အတိတ်ကာလကသုံးစွဲခဲ့သည့် ရေနွေးငွေ့စက်ခေါင်းများအကြောင်း စိတ်ဝင်စားလာခဲ့ပြီး ရေနွေးငွေ့ဖြင့် မောင်းနှင်သည့်ရထားများကို စီးနင်းကြည့်လိုသည့် စိတ်ဆန္ဒများဖြစ်ပေါ်လာသည့်အတွက် နိုင်ငံအတော်များများမှာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများတွင် ရေနွေးငွေ့စက်ခေါင်းနှင့် ခေတ်ဟောင်းသုံး တွဲများကို ဖွဲ့ဆင်ပြီး ကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်မှုလုပ်ငန်းအဖြစ် ရထားပြေးဆွဲသည်ကို တွေ့မြင်ရကြောင်း၊ ထို့ပြင် ပြတိုက်များတွင်လည်း ခေတ်ဟောင်းသုံး ရေနွေးငွေ့စက်ခေါင်းများ၊ တွဲများ၊ ယခင်ခေတ် ဘူတာသုံး ပစ္စည်းကိရိယာများကိုလည်း ပြသထားလေ့ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ရထားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားလုပ်ငန်းတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အခွန့်ရှည်ရေးအတွက် ယခုရေနွေးငွေ့စက်ခေါင်းနှစ်ခေါင်းနှင့် ဆက်စပ်လူစီးတွဲ နှစ်တွဲကို ချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးအပ်ခြင်းသည် နှစ်နိုင်ငံ ရထားလုပ်ငန်းတို့အကြား ချစ်ကြည်ရေး သမိုင်းမှတ်တိုင်တစ်ခု ဖြစ်စေကြောင်း။

**ဂုဏ်ယူဝမ်းမြောက်**

ယခုကဲ့သို့ မြန်မာနိုင်ငံ ခေတ်ဟောင်းသုံး ရေနွေးငွေ့စက်ခေါင်းနှင့် တွဲများကို တရုတ်နိုင်ငံမီးရထားသို့ ချစ်ကြည်ရေးလက်ဆောင် ပေးအပ်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng က ချစ်ကြည်ရေးလက်ဆောင်ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများလက်ခံရရှိခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သည့် လူစီးတွဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ချစ်ကြည်ရေးလက်ဆောင် အဖြစ် ပြန်လည်ပေးအပ်သည့် ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။ **(သတင်းစဉ်)**






## ရှင်းလင်းပြောကြား

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရေနွေးငွေ့စက်ခေါင်းနှင့်လူစီးတွဲများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## လက်မှတ်ရေးထိုး

**မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်သည့် ရေနွေးငွေ့စက်ခေါင်း၊ လူစီးတွဲများနှင့်စပ်လျဉ်း၍ သဘောတူချက်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)





**တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng ချစ်ကြည်ရေး လက်ဆောင် လူစီးတွဲများပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော လူစီးတွဲများကို တွေ့ရစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်သော ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများကိုတွေ့ရစဉ်။** (သတင်းစဉ်)



# ကျောင်းနေအရွယ်ကလေးငယ် သွားကျန်းမာဖို့စောင့်ရှောက်မယ်

ရုပ်ကိုအာဟာရစောင့်၏။ ခန္ဓာကိုယ်အတွက် သင့်တင့်မျှတသော အာဟာရ ရဖို့အတွက် မရှိမဖြစ်လိုအပ်သော ခန္ဓာကိုယ်၏ အစိတ်အပိုင်း တစ်ခုမှာ 'သွား' ဖြစ်ပါသည်။ လူသားတို့အဖို့ အမြဲတမ်း ဂရုတစိုက် စောင့်ရှောက်ရန် သတိမမူမိသော ကျန်းမာရေးမှာ သွားနှင့်ခံတွင်း ကျန်းမာရေးပင်ဖြစ်ပါသည်။ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ကြိုတင်ကာကွယ်ခြင်းထက် ရောဂါဝေဒနာ ခံစားရမှသာ ကုသသည့် အလေ့အထကို တွေ့မြင်နေရပါ၏။

ဝန်ဆောင်မှုလုပ်ငန်းများ ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ယနေ့ကမ္ဘာကြီးတွင် သွားနှင့်ခံတွင်းကျန်းမာရေးမှာ လူမှုဆက်ဆံရေးတွင် အရေးပါသောကဏ္ဍတစ်ရပ်အဖြစ် အားလုံးလက်ခံလာကြသည်ကို တွေ့ရှိရမည်ဖြစ်ပါ၏။ **'ခံတွင်းသန့်သန့်၊သွားလှလှ'** ဆိုသည့်အတိုင်း သွားနှင့်ခံတွင်း ကျန်းမာခိုင်ခံ့မှုရှိမှသာ လူမှုဆက်ဆံရေးအတွက် ချစ်စဖွယ် သွားလေးများဖြင့် အပြုံးလှလှလေးများ ဆောင်ထားနိုင်မည်ဖြစ်ပါသည်။

အနာဂတ်တွင် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ဘဝကို တည်ဆောက်နိုင်ဖို့အတွက် ငယ်စဉ်ကလေးဘဝကတည်းက သွားနှင့်ခံတွင်း ကျန်းမာရေးကို စနစ်တကျ စောင့်ရှောက်နိုင်ရန် ကျန်းမာရေးအသိ ဗဟုသုတများ ရှိဖို့လိုအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မွန်မြတ်သော ရည်ရွယ်ချက်များချမှတ်၍ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရင်း နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့်**'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး'**ကို အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့ ပူးပေါင်း၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို အဆိုပါ ကျောင်း၌ ၁၅-၉-၂၀၀၆ ရက်နေ့တွင်ပြုလုပ်ခဲ့ပါ၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး ဦးဆောင်စည်းရုံးမှုဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း အမျိုးသမီးအဖွဲ့ငယ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စန်းဝင်း အပါအဝင် ဆရာဝန် ၁၆ ဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်တို့အား ကျောင်းသား၊ ကျောင်းသူများက ဝမ်းပန်းတသာ ကြိုဆိုနှုတ်ခွန်းဆက်ကြပါသည်။

ကျောင်းတွင်းရှိ စပါယ်ခန်းမ၏ အောက်ထပ်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်များက သွားနှင့်ခံတွင်းစမ်းသပ်ကုသမှုများအား ပြုလုပ်ပေးပြီး အပေါ်ထပ်တွင် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး ဟောပြောပွဲကို ပြုလုပ်ပေးခဲ့ကြပါသည်။ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးရခြင်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များနှင့် လျော်ညီစွာ ဦးဆောင်ဆွေးနွေး၍ စိတ်ပါဝင်စားလာစေပြီး ကလေးငယ်များ အပြန်အလှန် ပါဝင်ဆွေးနွေးလာစေခြင်းဖြင့် ပျော်ပျော်ရွှင်ရွှင် အပေးအယူမျှမျှ ဟောပြောစည်းရုံးသွားနိုင်ခဲ့ပါသည်။



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ဆရာဝန်များက ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ စစ်ဆေးကုသနေမှုများကို ကြည့်ရှုအားပေးစဉ်။**

ဆက်လက်၍ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း အမျိုးသမီးအဖွဲ့ငယ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စန်းဝင်းက သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်ပေးခြင်း ခေါင်းစဉ်ဖြင့် အစာကိုကြေညက်အောင် ဝါးစားရန်၊ မျက်နှာအလှအပပေါ်လွင်ရန်၊ မှန်ကန်သည့် အသံပီသရန် အတွက် သွားသည်အရေးကြီးကြောင်း၊ သွားဖွဲ့စည်းပုံ၊ သွားရောဂါများတွင် သွားပိုးစားရောဂါ(သို့)သွားဆွေးမြည့်ရောဂါနှင့် သွားဖုံးရောဂါ နှစ်မျိုးရှိကြောင်း၊ ငယ်သွားပေါက်သည့်အချိန်၊ ကြီးသွားပေါက်သည့် အချိန်၊ အံဆုံးပေါက်သည့်အချိန်ကာလနှင့် လူတစ်ယောက်အတွက် ရှိရမည့်

## ခင်ဦး

သွားအရေအတွက်တို့ မည်မျှရှိကြောင်း၊ ချိုသော၊ စေးကပ်သော အစားအစာများကိုရှောင်ရန်၊ သွားကိုကျန်းမာစေသောနို့၊ ငါးသေးသေး လေးများ၊ ဟင်းသီးဟင်းရွက်များကို စားသုံးပေးရန်၊ သွားပိုးစားသည့် ရောဂါကို သွားပိုးချပေးခြင်းဖြင့် ပျောက်ကင်းသည်ဟု လွဲမှားသော အယူအဆကို မယုံကြည်ရန်၊ သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ရောဂါဖြစ်တိုင်း သွားဘက်ဆိုင်ရာဆရာဝန်နှင့် ပြသသင့်ကြောင်းနှင့် ရောဂါမဖြစ်ပွားပါကလည်း တစ်နှစ်လျှင် နှစ်ကြိမ် ပြသသင့်ကြောင်းကို ကျောင်းသား၊ ကျောင်းသူလေးများ နားလည်သဘောပေါက်သည်အထိ ဟောပြော ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဒေါက်တာ ဒေါ်ခင်ခင်လွင်က ခံတွင်းကိုသန့်ရှင်းစွာ မထားခြင်း၊ သွားမှန်မှန်မတိုက်ခြင်း၊ သွားမှန်မှန်တိုက်သော်လည်း စနစ်ကျမှု မရှိခြင်းတို့ကြောင့် သွားဖုံးရောဂါဖြစ်ရခြင်းအကြောင်းကို ကျောင်းသား၊ ကျောင်းသူလေးများ ဂရုပြုဆင်ခြင်လာနိုင်စေရန်အတွက် ခံစားရသော ဝေဒနာများကို ကိုးကား၍ ရှင်းလင်းဟောပြောပေးခဲ့ပါသည်။ ဆက်လက်၍ ဒေါက်တာဒေါ်ခင်နှင်းအေးက သွားနှင့်ခံတွင်း ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် အစာစားပြီးတိုင်း ပလုတ်ကျင်းရန်၊ သွားကိုတစ်နေ့နှစ်ကြိမ်တိုက်ရန်၊ မေးရိုးအထက်အောက်ဟ၍ အထက်အောက်နည်းစနစ်မှန်မှန် နှစ်မိနစ်မှ သုံးမိနစ်ကြာသည်အထိ ပွတ်တိုက်ရန်၊ သွားထဲ၌ အစာညပ်လျှင် သွားကြားထိုးတံမသုံးဘဲ သွားတိုက်ကြိုး(dental floss)သုံးရန်၊ သွားနှင့်ခံတွင်းပျက်စီးစေမည့် အစားအစာများနှင့် ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ရန်တို့ကို သွားအံပုံနှင့် သွားပွတ်တံပုံစံများအသုံးပြု၍ လက်တွေ့သရုပ်ပြသပေးသည့်အပြင် ကလေးငယ်များအား ပြန်လှန်မေးခွန်း မေးမြန်းခြင်းဖြင့် နားလည်သဘော ပေါက်ပြီး လိုက်နာဆောင်ရွက်နိုင်အောင် စည်းရုံးဟောပြောနိုင်ခဲ့ပါသည်။

ဟောပြောပွဲအခမ်းအနားတွင် အဆိုပါကျောင်းရှိ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာစောင်ရေ ၄၉၅စောင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး ထံသို့ ကျောင်းသူလေးနှစ်ဦးက ပေးအပ်ခဲ့ကြပါသည်။ ဟောပြောပွဲ ပြီးနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာန ကြီးမှူးနှင့်အဖွဲ့က သွားနှင့်ခံတွင်း စမ်းသပ်ကုသရာနေရာသို့ သွားရောက်၍ ကလေးငယ်များအား အားပေးစကားပြောကြားခဲ့ကြပါသည်။ အဆိုပါ ကျောင်းရှိ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၅၅၈ဦးနှင့် အလယ်တန်း၊ အထက်တန်းမှ ရောဂါဝေဒနာရှိသူ ကျောင်းသား၊ ကျောင်းသူများအား စေတနာရှင် ဆရာဝန်များအဖွဲ့က စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြပါသည်။

ကျောင်းသား၊ ကျောင်းသူကလေးငယ်များသည် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးပွဲကြီးကြောင့် ကျန်းမာရေး ဗဟုသုတများ ပိုမိုပွင့်လန်းလာပြီး အနာဂတ်တွင် ယုံကြည်ချက်ပြည့်ဝသော၊ ကျန်းမာကြံ့ခိုင်သော သားကောင်းသမီးမွန်ရတနာများ ဧကန်ဖြစ်နိုင် ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။



## ပေးအပ်

**ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအိမ်ရာ တိုက် (F) အခန်း-၂၀၆နေ မဟန်စုယဉ်(ခ)စုစု(ခေတ္တ-ယူအက်စ်အေ)၏ နှစ်(၃၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်း နှင့်ဆေး ပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်စဉ်။**

(က-ပ)



## ဆေးတိုက်ကျွေး

**စက်တင်ဘာ ၁၄ ရက်က သာကေတမြို့နယ် (၂)တောင် ရပ်ကွက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပုညကုသလ ဓမ္မာရုံတွင် ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြကြင်နှင့် အမှုဆောင် အသင်းဝင်များက အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်(အေ)ဆေးတိုက်ကျွေးစဉ်။**

(၃၀၂)

20-9 (10) 1 9/20/06, 1:43 AM

# ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများလိုက်နာဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပိတ်ပွဲကို စက်တင်ဘာ၁၆ရက် နံနက်၉ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ် မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်းတံတားအဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ဒုတိယအင်ဂျင်နီယာမှူးကြီး များ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

**လိုက်နာဆောင်ရွက်**

ရှေးဦးစွာ ဗိုလ်ချုပ်စောထွန်းက ပြည်နယ်နှင့်တိုင်း အင်ဂျင်နီယာမှူးကြီးများ၊ စီမံကိန်းအင်ဂျင်နီယာမှူးကြီးများ အပါအဝင် အင်ဂျင်နီယာများ၊ ဝန်ထမ်းများအားလုံးသည် တာဝန်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ငွေစာရင်း ပိုင်းဆိုင်ရာတို့ကို ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် အလေးစိတ်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပိတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်း ဗိုလ်တထောင် မြို့နယ် ဘိုကလေးဈေးလမ်း(အောက်လမ်း)နေ ဒေါ်စိန်စိန်နှင့် သားသမီးတစ်စုက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# နေပြည်တော်နှင့်အနီးတစ်ဝိုက် မြေလွတ်မြေရိုင်းများဖော်ထုတ် မွေး/ရေဝန်ကြီးဌာနက မွေးမြူရေးဇုန်များတည်ထောင် ပြည်သူများ အသားစားသုံးမှုဖူလုံရေး ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၁၉

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၇ရက် နံနက်၉နာရီခွဲက မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ မွေးမြူရေးဇုန်လမ်းမကြီးများ ဖောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။**

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်ကွပ်ကဲရေးရုံး တည်ဆောက်နေမှုများကို လည်းကောင်း၊ မွေးမြူရေးဇုန်အမှတ်(၁) သပြေကုန်း ကျေးရွာအုပ်စုနယ်မြေ ပိုင်းခြားသတ်မှတ်ထားသော ကျောက်တိုင်ကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)၏ နို့စားမွေးမြူရေးခြံ တည်ဆောက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များအားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မြေလွတ်မြေရိုင်းများဖော်ထုတ်**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် နေပြည်တော်နှင့်အနီးတစ်ဝိုက်ရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပြီး မွေးမြူရေးဇုန်များကိုတည်ထောင်ကာ အသားကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရေးအတွက်လည်းကောင်း၊ ဒေသခံပြည်သူများ အသားစားသုံးမှု ဖူလုံစေရန်အတွက်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# အခြေခံပညာအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲ သံဖြူဇရပ်မြို့နယ်တွင်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အခြေခံပညာအဆင့်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၂၈ရက်က သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးသော်တာသွင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ လက်ထောက်မြို့နယ် ပညာရေးမှူးများ၊မြို့နယ်အတွင်းရှိအခြေခံ ပညာကျောင်းများမှ ကျောင်းအုပ်ကြီး များနှင့် ဆရာ ဆရာမများ၊ ဒိုင်လူကြီး များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) နှင့် မြို့နယ်ပညာရေးမှူးတို့က အခမ်း အနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြိုင်ပွဲများကို ကျင်းပ ပြီး ဆုပေးပွဲကို ကျင်းပရာ ဆုရရှိသူများ အားပြိုင်ပွဲကျင်းပရေးကော်မတီမှတာဝန် ရှိသူများကဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၆) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို စက်တင်ဘာ ၂ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မလွင်လွင်တင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။** (၃၅၂)

# စပါးတစ်မိုးနှစ်သီး ပထမသီးရိတ်သိမ်း ဒုတိယသီးစိုက်ပျိုးပွဲ သုံးခွ၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုလဲကျေးရွာအုပ်စု တောင်သူ ဦးညိုကြီး၊ ဦးစိုးကြိုင်နှင့် သိုက်တူးကန်စံပြကျေးရွာအုပ်စု တောင်သူ ဦးခင်မောင်ရင်တို့၏ လယ်ယာမြေများတွင် စပါးတစ်မိုးနှစ်သီး၊ ပထမသီး ရိတ်သိမ်းပွဲနှင့် ဒုတိယသီးစိုက်ပျိုးပွဲကို စက်တင်ဘာ ၁၀ရက်က ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ၊ ခရိုင်မြေစာရင်းဦးစီးမှူး၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာတို့က ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

# သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်သူများအားဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင်သုံးဦးတို့အား ရွှေတံဆိပ်ဆု၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ချီးမြှင့်၍ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ငါးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၅ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၈၀တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကို ချီးမြှင့်ကြသည်။

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရှင် မဖြူမွန်သိမ့်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ တည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးတွင် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေသရဖီ၁လမ်း အမှတ်၅၆ (FMI)နေ ဒေါ်ကြည်မိသားစုက အလှူငွေကျပ် ၁၃၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်စဉ်။** (က-ပ)



**တရုတ်-အာဆီယံချစ်ကြည်ရင်းနှီးသော ဆွေးနွေးဖက်ဆက်ဆံရေးထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်နေ့နှင့် တရုတ်-အာဆီယံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှစ် အထိမ်းအမှတ် တရုတ်-မြန်မာ ယဉ်ကျေးမှုရက်သတ္တပတ်အစီအစဉ်နှင့် နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့မှ အနုပညာရှင်များ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေကြစဉ်။** (သတင်းစဉ်)

---

**ရွာရန်ရာနှုန်း ၈၀**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။**

---

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားအသက်(၂၁)နှစ်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဗျူဟာများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဗုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဗုန်(ပုသိမ်) ဧရာဝတီတိုင်းအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဗုန်(မုံရွာ) နမခအားကစားကွင်း၌ကျင်းပသောပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု လပခဗုန်(မန္တလေး) ဗထူးအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဗုန်(တောင်ငူ) တပခအားကစားကွင်း၌ကျင်းပသောပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်-အာဆီယံချစ်ကြည်ရင်းနှီးသောဆွေးနွေးဖက် ဆက်ဆံရေးထူထောင်သည့် (၁၅)နှစ်မြောက်အထိမ်းအမှတ် တရုတ်နိုင်ငံတိုင်းရင်းသားလူမျိုးစုအနုပညာအဖွဲ့ ကပြဖျော်ဖြေ

**ရန်ကုန် စက်တင်ဘာ ၁၉**

တရုတ်-အာဆီယံချစ်ကြည်ရင်းနှီးသော ဆွေးနွေးဖက်ဆက်ဆံရေးထူထောင်သည့် (၁၅)နှစ်မြောက်အထိမ်းအမှတ်နှစ်ပတ်လည်နေ့နှင့် တရုတ်-အာဆီယံချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးနှစ်အထိမ်းအမှတ် တရုတ်-မြန်မာ ယဉ်ကျေးမှုရက်သတ္တပတ်အစီအစဉ်နှင့် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အဖွဲ့ဝင် ၁၇ဦးပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုအနုပညာအဖွဲ့သည် ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ကပြဖျော်ဖြေပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခချုပ် ဦးတင်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုအနုပညာအဖွဲ့ ခေါင်းဆောင် Mr. Chen Jiang တို့က တရုတ်-မြန်မာယဉ်ကျေးမှု ရက်သတ္တပတ် အစီအစဉ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ဧည့်ပရိသတ်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့၏ တင်ဆက်မှုအစီအစဉ်ကို ကဏ္ဍအလိုက် ဖျော်ဖြေတင်ဆက်သည်။

**ဂုဏ်ပြုပန်းခြင်းပေးအပ်**

တင်ဆက်ဖျော်ဖြေမှု အပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့က ဖျော်ဖြေတင်ဆက်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

**ဆက်လက်ဖျော်ဖြေ**

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်ကို စက်တင်ဘာ ၂၀ ရက် ည ၇နာရီတွင် အမျိုးသားဇာတ်ရုံ၌ ဆက်လက် ဖျော်ဖြေသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# ပြန်လည်သိမ်းဆည်းရမိသောပစ္စည်းများ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့က ပိုင်ရှင်များထံပြန်လည်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

ပုသိမ်ခရိုင်ရဲတပ်ဖွဲ့က အမှုမှပြန်လည်သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲကို စက်တင်ဘာ၉ရက်က ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ရုံးခန်းမ၌ကျင်းပရာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်မြင့်၊ ပုသိမ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့်အလုပ်အမှုဆောင်များ၊ ပုသိမ်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးလှတင့်နှင့်ကထိကများ၊ တာဝန်ရှိသူများနှင့်ပစ္စည်းပိုင်ရှင်များ တက်ရောက်ကြသည်။

**ပြန်လည်ပေးအပ်**

ရှေးဦးစွာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး ပုသိမ်ခရိုင်ရဲတပ်ဖွဲ့က ဖော်ထုတ်သိမ်းဆည်းရမိသည့် စက်ဘီးမျိုးစုံ ၂၁စီး၊ ဆိုင်ကယ်သုံးစီး၊ ၂၁လက်မရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဘက်ထရီအိုး၁၁လုံး စုစုပေါင်းငွေကျပ်သိန်း၈၀ဖိုးခန့်ကို စခန်းမှူး ရဲအုပ်ရဲမြင့်ကလည်းကောင်း၊ ဒါးကရဲစခန်းက ပြစ်မှုပုဒ်မ(၃၀၂/၃၉၂)မှ စုံစမ်းဖော်ထုတ်သိမ်းဆည်းရမိသော ရွှေထည်လက်ဝတ်ရတနာမျိုးစုံ သုံးကျပ်သားခန့်ကို ကန်ကြီးထောင့်ရဲစခန်းမှူး ရဲအုပ်ကြီးတင်**(အောက်ပုံ)**ကလည်းကောင်း ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပုသိမ်တက္ကသိုလ်ဒုတိယပါမောက္ခချုပ်က ပစ္စည်းပိုင်ရှင်များကိုယ်စား ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ကော့မှူးမြို့နယ် သမင်ခြံ အခြေခံပညာအလယ်တန်းကျောင်း၌ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"ဟူသော ဆိုင်းဘုတ်နှင့် "စင်သုံးစင်"ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို သြဂုတ် ၂၇ရက်ကကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကျောင်းအကျိုးဆောင်များနှင့် ကျောင်းအုပ်ဆရာကြီးဦးမြသိန်းတို့ တက်ရောက် ဖွင့်လှစ်ပေးစဉ်။** (နယ်စပ်စည်ပင်)

**၂၀၀၆ ခုနှစ် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ၇ရက်က မြို့နယ်ဘောလုံးကွင်း၌ကျင်းပရာ ပထမဆုရရှိသော မြို့မ ၆ ရပ်ကွက်ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီယာယီဥက္ကဋ္ဌ မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်မောင်စိုးက တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)

# တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် စက်တင်ဘာ ၁၉**

ဦးမြင့်ဦးသည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်တင့်၊ ဦးဝင်းထွဋ်နှင့် ဗိုလ်ကြီးမင်းဇော်(အငြိမ်းစား)တို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော် ဂေါက်ကွင်း ငွေသော်တာကွင်း၌ ယနေ့မွန်းလွဲပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ (၁၅၄)ကိုက်အကွာမှ Srixon - 2 ဘောလုံးကို Callaway Iron No. 6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ္ဘာတစ်လွှား အားကစား

## စပိန်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ကာဇက်စတန်နိုင်ငံသား အနိုင်ရဗိုလ်စွဲ

မက်ဒရစ် စက်တင်ဘာ ၁၉

**ကာဇက်စတန်နိုင်ငံမှ စက်ဘီးအားကစားသမား အလက်ဇန္ဒြားဗီနိုကော်ရော့ဗ်သည် စပိန်နိုင်ငံ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် စပိန်နိုင်ငံသား အလီဂျန်ဒရိုဗယ်ဗာဒီထက် ၇၂စက္ကန့် စော၍ပန်းဝင်ကာ ဗိုလ်စွဲသွားနိုင်ခဲ့သည်။**



**စပိန်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ကာဇက်စတန်နိုင်ငံသား ဗီနိုကော်ရော့ဗ်က ဤသို့အောင်ပွဲခံခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

**ဆွတ်ခူးနိုင်**

ဗီနိုကော်ရော့ဗ်၏ အက်စ်တန်နာအသင်း ကစားဖော်အင်ဒရီကက်ရှီချင်သည် သုံးမိနစ်နှင့် ၁၂စက္ကန့် နောက်ကျလျက်ပန်းဝင်ခဲ့ပြီး တတိယဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။

**ပြိုင်ပွဲကြီးမှရရှိ**

အဆိုပါ စက်ဘီးပြိုင်ပွဲ၏ နောက်ဆုံး အဆင့်ပြိုင်ပွဲသည် မက်ဒရစ်မြို့၌စပြီး ယင်းမြို့မှာပင် ပန်းဝင်အဆုံးသတ်ထားသည်။ ယင်းနောက်ဆုံးအဆင့် ပြိုင်ပွဲတွင် ဂျာမန်မှ အဲရစ်ဇာဘယ်က ပထမ၊ နော်ဝေးမှ သော်ဟွတ်ဟိုးဒ်က ဒုတိယနှင့် ဆွစ်ဇာလန်မှ အော်ရီလင်းကလပ်က တတိယဆုရရှိသည်။ ဗီနိုကော်ရော့ဗ်သည် ယခုဆွတ်ခူးခဲ့သော ဆုဖလားသည် ၎င်း၏ ပထမဆုံး အဓိကပြိုင်ပွဲကြီးမှ ရရှိသော ဖလားဖြစ်သည်။

**အဆင့်ပေါင်း၂၀ ပါဝင်**

ယခုနှစ် ပြင်သစ်ခရီးရှည်စက်ဘီးပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ခြင်းမရှိသောဗီနိုကော်ရော့ဗ်သည် စပိန်ဖလားပြိုင်ပွဲ၌ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ယခုယှဉ်ပြိုင်ကစားသည့် စပိန်ခရီးရှည် စက်ဘီးပြိုင်ပွဲတွင် အဆင့်ပေါင်း ၂၀ပါဝင်သည်။

**ပန်းဝင်ဗိုလ်စွဲ**

ကာဇက်စတန်နိုင်ငံသား ဗီနိုကော်ရော့ဗ်သည် အဆိုပါ အဆင့်ပေါင်း ၂၀တွင် ၈၁နာရီ ၂၃မိနစ် ခုနစ်စက္ကန့်ဖြင့် ပန်းဝင် ဗိုလ်စွဲနိုင်ခဲ့သည်။ စပိန်မှ ဗယ်ဗာဒီသည် ဗီနိုကော်ရော့ဗ် ပန်းဝင်ချိန်ထက် တစ်မိနစ်နှင့် ၁၂စက္ကန့်ပိုပြီး ဒုတိယနေရာမှ လိုက်နိုင်ခဲ့သည်။ ကာဇက်စတန်မှ ကက်ရှီချင်သည် ဗီနိုကော်ရော့ဗ် ပန်းဝင်ချိန်ထက် သုံးမိနစ်နှင့်၁၂စက္ကန့်ပိုပြီး ပန်းဝင်ခဲ့၍ တတိယဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

**မြင့်မောင်စိုး စုစည်းတင်ပြသည်**

## ဘောလက်အတွက် ပထမဆုံးအနီကတ် လီဗာပူးနှင့်ပွဲတွင်အပြခံခဲ့ရ





**ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲတွင် မိုက်ကယ်ဘောလက်အား ဒိုင်လူကြီးက အနီကတ်ပြလိုက်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၁၉

**ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၅)တွင် လီဗာပူးကစားသမား ဆစ်ဆိုကိုအား ခြေဖြင့် တက်နင်းခဲ့သဖြင့် ဝမ်းနည်းမိကြောင်း အနီကတ် အပြခံရသော ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်က ပြောကြားသည်။**

အသက် ၂၉နှစ်ရှိ မိုက်ကယ်ဘောလက်သည် စက်တင်ဘာ၁၇ရက်က ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ပွဲချိန် ၅၁မိနစ်၌ အနီကတ်အပြခံရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**အနီကတ်ပြ**

ယင်းအနီကတ်သည် မိုက်ကယ်ဘောလက်၏ကစားသမား သက်တမ်းတစ်လျှောက် ပထမဆုံးသောအနီကတ် အပြခံရခြင်းဖြစ်သည်။

**လွဲလိမ့်မည်**

ယင်းအပြုအမူကြောင့်မိမိအတွက် အခြေအနေဆိုးရွားစေခဲ့ကြောင်း၊ ဆစ်ဆိုကိုအား နာကျင်စေလိုသော ဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ဘောလက်သည် ယင်းအနီကတ်ကြောင့် ဖူလ်ဟမ်၊အက်စ်တွန်ဗီလာနှင့်ရီးဒင်းတို့ ပွဲစဉ်များနှင့် လွဲမည်ဖြစ်သည်။ သို့သော် ချန်ပီယံလိဂ်ပြိုင်ပွဲ လက်ဖ်စကီးဆိုဖီယာအသင်းနှင့် ယှဉ်ပြိုင်ရာတွင် ပါဝင်ကစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ **(ဓာတ်ပုံ-အင်တာနက်)**

## ဒေးဗစ်ဘက်ခမ်း ပရီမီယာလိဂ်သို့ ပြန်မလာတော့



**အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်း။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၉**

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းက မိမိအနေဖြင့် အင်္ဂလန်ကလပ်အသင်း တစ်ခုခုသို့ ပြောင်းရွှေ့မှု ပြုလုပ်တော့မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

**ပြန်လာတော့မည်မဟုတ်**

အသက် ၃၁နှစ်အရွယ်ရှိ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမားဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်ဘောလုံးအသင်းခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့သူ ဖြစ်သကဲ့သို့ မန်ယူကလပ်မှလည်း ၂၀၀၃ ခုနှစ်ကထွက်ခွာခဲ့သူဖြစ်သည်။ မိမိသည် ပရီမီယာလိဂ်သို့ မည်သည့်အခါမျှ ပြန်လာတော့မည် မဟုတ်ကြောင်း၊ ပရီမီယာလိဂ်တွင် မန်ယူနှင့်အတူ အချိန်ကာလတစ်ခုအထိ ကစားခဲ့ပြီးဖြစ်ကြောင်း၊ မန်ယူကို မိမိသံယောဇဉ်ရှိကြောင်း၊ လက်ရှိအချိန်၌ ရီးရဲမက်ဒရစ်နှင့်အတူ စပိန်၌ နေထိုင်ရသည်မှာ ပျော်နေပြီဖြစ်ကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။

**ကစားပေးလို**

သို့သော်လည်း အင်္ဂလန်ဘောလုံးအသင်းအတွက်မှ ပြန်လည်ကစားရန် ဆန္ဒရှိနေကြောင်း၊ အင်္ဂလန်ဘောလုံးအသင်း ကစားသမားအဖြစ်မှ မိမိအနားယူမည်မဟုတ်ကြောင်း၊ မိမိ အင်္ဂလန်အသင်းအတွက် ကစားပေးလိုသည့် ဆန္ဒပြင်းပြနေဆဲဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

## နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ မီတာ၁၁၀ တန်းကျော်ပြေးပွဲ ဂျွန်ဆင် ဗိုလ်စွဲ

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

**အေသင် စက်တင်ဘာ ၁၉**

ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပလျက်ရှိသည့် နိုင်ငံ တကာပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသားမီတာ ၁၁၀တန်းကျော်ပြေးပွဲတွင် အမေရိကန်တန်းကျော်အပြေးသမား အယ်လန်ဂျွန်ဆင်က ကမ္ဘာ့စံချိန်ချိုးကာ ပထမရရှိခဲ့သည်။





**အမေရိကန်တန်းကျော်အပြေးသမား အယ်လန်ဂျွန်ဆင်။** (ဓာတ်ပုံ-အင်တာနက်)

**အနိုင်ရဗိုလ်စွဲ**

ဂျွန်ဆင်သည် အမျိုးသားမီတာ ၁၁၀တန်းကျော် ပြေးပွဲတွင် ၁၂ဒသမ ၉၆စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး တရုတ်နိုင်ငံသားလူကျင်းမှာ ၁၃ဒသမ၀၃စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။

**ပြေးနိုင်ခဲ့**

အသက် ၃၅နှစ်အရွယ်ရှိ ဂျွန်ဆင်သည် အိုလံပစ် တန်းကျော်ပြေး ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး လွန်ခဲ့သည့်၁၀နှစ်က ၎င်းတင်ထားခဲ့သော စံချိန်ထက် ၀ဒသမ၀၄စက္ကန့်လျော့ပြီး ပြေးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ရိုင်ယန်ဂစ်ပရီမီယာလိဂ်ပွဲစဉ်အချို့တွင် ပါဝင်နိုင်ဖွယ်မရှိ



**မန်ယူ တောင်ပံကစားသမား ရိုင်ယန်ဂစ် ညာဖက်ခြေထောက်ဒဏ်ရာရရှိနေမှုကို ဤသို့တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၉**

မန်ယူတောင်ပံ ကစားသမား ရိုင်ယန်ဂစ်သည် ညာဘက်ခြေထောက် ဒဏ်ရာ ရရှိနေမှုနှင့် ပတ်သက်၍ ဖာဂူဆန်က ပရီမီယာလိဂ်ပွဲစဉ်များတွင် ထည့်သွင်း အသုံးမပြုရသဖြင့် ဘဝင်မကျ ဖြစ်လျက်ရှိသည်။

**အနားယူရမည်**

ရိုင်ယန်ဂစ်သည် ပြီးခဲ့သည့်သီတင်းပတ်က ဆဲလ်တစ်အပေါ် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့ပြီး သီတင်း သုံးပတ်ကျော် အနားယူရမည် ဖြစ်သည်ဟု ဆေးစစ်ချက်၌ ဖော်ပြထားသည်။

ရိုင်ယန်ဂစ်သည် ယခုနှစ် ဘောလုံးရာသီ၌ ခြေစွမ်းပြကစားနိုင်ခဲ့ရာ နည်းပြဖာဂူဆန်က မန်ယူ၏ ပွဲစဉ်အများအပြားတွင် ထည့်သွင်းကစားခဲ့သည်။

ရိုင်ယန်ဂစ်သည် လာမည့်ပရီမီယာလိဂ်ပွဲစဉ်များဖြစ်သည့် ရီဒင်း၊ နယူးကာဆယ်တို့နှင့် ပွဲစဉ်များ၌လည်း လွဲရဖွယ် ရှိနေသည်။ ချန်ပီယံလိဂ်နောက်ထပ်ပွဲစဉ်ဖြစ်သည့် ဘင်ဖီကာနှင့်ပွဲ၌လည်း ပါဝင်ဖွယ်မရှိကြောင်း သိရသည်။ **(အင်တာနက်)**



မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားသော ပျိုးပင်များ အခြေအနေကို ဩဂုတ် ၂၇ ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် စစ်ဆေးရာ ပြည်နယ်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် အမှုဆောင်အရာရှိ ဦးအေးဆွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်/ဆက်ဦးစီးဌာန စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲကျင်းပ

လားရှိုး စက်တင်ဘာ ၁၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လားရှိုးခရိုင်အတွင်းရှိ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ပန်ဆန်းမြို့နယ်များနှင့် ကျောက်မဲခရိုင်အတွင်းရှိ နမ္မတူ၊ မန်တုံမြို့နယ်များမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း(၁/၂၀၀၆) ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် ညနေ ၄ နာရီက လားရှိုးခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။**

ထို့နောက် သင်တန်းတွင် အုပ်စုလိုက် လက်တွေ့လှုပ်ရှားမှု ထူးချွန်ဆုရရှိသည့် လားရှိုးမြို့နယ်၊ နမ္မတူမြို့နယ်နှင့်သိန္နီမြို့နယ်တို့ကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက လည်းကောင်း **(ယာပုံ)**၊ တစ်ဦးချင်းထူးချွန်ဆုရ လားရှိုးမြို့နယ်မှ ဒေါ်နန်းခင်ညွန့်၊ နမ္မတူမြို့နယ်မှ ဒေါ်နန်းအိအိဖြူ၊ ပြည်နယ်ရုံးမှ ဒေါ်နန်းသူဇာထွန်းတို့ကို ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။



အဆိုပါသင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ဝန်ထမ်း ၄၂ဦး၊ စာကြည့်တိုက်ပညာလေ့လာသူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ဦးနှင့် ကျေးရွာစာကြည့်တိုက်မှူး ၁၄ဦး စုစုပေါင်း ၆၆ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် မူဝါဒပိုင်းဆိုင်ရာ ဘာသာရပ်များကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းကလည်းကောင်း၊ လက်တွေ့ပိုင်းဆိုင်ရာ ဘာသာရပ်များကို ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက လည်းကောင်း ပို့ချကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ဒိုက်ဦးမြို့ သာယာလှပရေးအတွက် စက်တင်ဘာ ၅ ရက်က အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်တင်မာအေး ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဦးမဲတာဆုံလမ်းလယ်ကျွန်းတွင် မြေခင်းအလှ ပြုပြင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကြီးကြပ်စဉ်။** (မြို့နယ် စည်ပင်)

# တောင်ငူခရိုင် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၁၀**

ပဲခူးတိုင်း တောင်ငူခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်းမြှင့် မွမ်းမံသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲကို ဩဂုတ် ၂၉ရက် နံနက် ၉နာရီက တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ယာယီ)ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌေးက အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အရှေ့ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်နှင့် သံတောင်၊ သံတောင်ကြီး မြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၂၉ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်သည်။ (၃၇၂)



**ပုလောမြို့အဝင် ဆိုင်းဘုတ်ပတ်ဝန်းကျင်တွင် ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာစက်တင်ဘာ၁ ရက်က အမှုဆောင်အရာရှိအင်ဂျင်နီယာနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်စဉ်။** (နယ်စပ်/စည်ပင်)

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**တော်သလင်းလကွယ်နေ့ (ဥပုသ်နေ့)**
**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ ဥပုသ်နေ့ နှိုးဆော်ချက် တရားတော်
၀၉:၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ) (အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)

**နေ့လယ်ပိုင်း**

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်အမျိုးသား အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့် ကာလပေါ်တေး)**
**(၁) မဟာဇနက္က (ဒေါ်ရင်ရင်)**
**(၂) အညာတစ်ခေါက် (ထွန်းထွန်းလေး)**
**(၃) နီလာစိန်ရောင်ခြည် (ကိုမင်းနောင်)**
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (မေခအသားတိုး မျိုးသန့်ကြက်မွေးမြူရေးလုပ်ငန်း)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့်ဆိုင်သော အီဒီယမ်များ (ဆရာဦးသိန်းလွင်)
(၂) တက္ကသိုလ်ဝင်တန်းသင်ရိုးသစ် မြန်မာစာသင်ရိုးကုန်လေ့လာချက် (ဦးရဲဝေ-မြန်မာစာ)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (မျက်စိအမြင် ကုသိုလ်ရှင်များ) (မောင်ဆုရှင်)
၁၂:၁၅ တရားတော်
၁၂:၃၀ အစာနှင့် အာဟာရ (ဆင်ခရမ်းချဉ်သီးနှင့် ကြို့သီး)

**ညနေပိုင်း**

၁၆:၀၀ တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သော စူဠကမ္မဝိဘင်္ဂသုတ္တန်တရားတော်)
၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ အစီအစဉ်
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မောင်မောင်ရယ် ချစ်လိုက်တာ (တင်မိုးခိုင်)
(၂) ထပ်ပြောစမ်းပါ (မိုးမင်းဝင်း)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ကွက်စိပ် အစီအစဉ် (တွံတေးဒဂုံဆရာညွန့်ရဲ့ ဗုဒ္ဓဝင် ပရိနိဗ္ဗာန်စံတော်မူခန်း)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ကြင်နာသူနဲ့ ဝေးသောအခါ (မောင်ဝင်းမြင့်)
(၂) ချစ်သူစကား (သင်းသင်းမြတ်)
(၃) အချစ်ဦးမောင့်ထံ ပြန်လာပါ (ဟသ်ာတအောင်တင်ဝင်း)
၂၀:၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာတရားတော်

# စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်လှူဒါန်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကြီးကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက် ပေးအပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို စက်တင်ဘာ၈ရက် နံနက် ၁၀နာရီက တံခွန်တိုင်ကြီးကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အလင်းရောင်စာကြည့်တိုက်အတွက် ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံးနှင့် ရေဒီယိုကက်ဆက် တစ်လုံးတို့ကို မြို့နယ် ယာယီဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဟန်စိန်က လက်ခံရယူသည်။ **(အောက်ပုံ)**

အလားတူပင် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်နှင့် စာအုပ်လှူဒါန်းပွဲများကို ဩဂုတ် ၂၀ရက်က ကျိုက်ပိကျေးရွာ၊ ဩဂုတ် ၂၇ရက်က မြတ်သာရွာမကျေးရွာ၊ စက်တင်ဘာ ၉ရက်က ထိယာလိကျေးရွာနှင့် စက်တင်ဘာ ၁၀ ရက်က စစ္စလီထုံးကျေးရွာများတွင် ပေးအပ်လှူဒါန်းပွဲများ ကျင်းပကြသည်။

**(မြို့နယ် ပြန်/ဆက်)**




# ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေမြောင်းများ ရေစီးကောင်းမွန်ရေးဆောင်ရွက်

**ရမည်းသင်း စက်တင်ဘာ ၁၀**

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်အောင်မြင်လမ်းရှိ ရေနုတ်မြောင်းဆယ်ယူခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်ကြည်ကြည်ဌေးနှင့်အဖွဲ့ ဆောင်ရွက်ရာ စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် အင်ဂျင်နီယာမှူးတို့က ကွင်းဆင်းစစ်ဆေးကြသည်။

**(က-ပ)**



**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နွားခြံကုန်း-ရေပြာလမ်း၌ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းအတွက်လိုအပ်သော ရေပြွန်တံတား တည်ဆောက်မှုကို စက်တင်ဘာ ၁ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးဝင်းနိုင်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (၀၆၄)



# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လင်းခေး၌ကျင်းပ

**လင်းခေး စက်တင်ဘာ ၈**

လင်းခေးခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက လင်းခေးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၂၈ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ဆုရ အနုပညာရှင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်း ဟောင်း) နောက် ကျော ဘက် ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန် အတွက် ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် စွန်းလွန်း လယ်တီကုသိုလ်ပြုအဖွဲ့ စေတနာရှင်များ မိသားစုက အလှူငွေကျပ် တစ်သိန်း ခုနစ်သောင်းလေးထောင်ကို လှူဒါန်းသည့်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)က ရေစက်သွန်းချ ဆုတောင်းမေတ္တာများပို့သကာ အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** (က-ပ)



# ချမ်းအေးသာစံ၌ နယ်လှည့်စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးရှင်းလင်း

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၁၀ နာရီက သကျမုနိဆုတောင်းပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးစိုးလွင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်မာမာဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်ပြီး မြို့နယ်အတွင်းရေးမှူး ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဦးလှဖေအားရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပ ၁၃ ရပ်ကွက် သီရိနန္ဒာလမ်းသွယ် ၂၈လမ်း အမှတ် (၂၈၉) နေ ဇနီး ဒေါ်စန်းရီနှင့် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ မုခ်ဦးနတ်လမ်း အုတ်ခင်းရန် ငွေကျပ် တစ်သိန်းကို စက်တင်ဘာ ၆ ရက်က လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့် လက်ခံစဉ်။** (၃၈၀)



# ကျိုက်လတ်၌ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရှင်များဆုချီးမြှင့်

**ကျိုက်လတ် စက်တင်ဘာ ၁၂**

ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဦးကင်းဟန်-ဒေါ်ကျင်သန်းမိသားစု(ရွှေဒေါင်းဆန်စက်)က ကျိုက်လတ်မြို့နယ်အတွင်းရှိ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် နံနက် ၁၁နာရီက ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးကင်းဟန်က ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ခရိုင်ဥက္ကဋ္ဌက ခြောက်ဘာသာဂုဏ်ထူးရှင် မအေမီထက်နှင့် ငါးဘာသာဂုဏ် ထူးရှင်များအားလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက လေးဘာသာဂုဏ်ထူးရှင် များအား လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌက သုံးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း၊ အလှူရှင် ဦးကင်းဟန်နှင့် ဒေါ်ကျင်သန်းတို့က သုံးဘာသာနှင့် နှစ်ဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အဖွဲ့အစည်း တာဝန်ရှိသူများက တစ်ဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ဩဂုတ်၃၁ရက်က မြို့ရေပေးရေးအတွက် ဂရင်ဂျိုင်ဆည်မှ ရေပိုက်များ သွယ်တန်းခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)



# အောင်ပန်းမြို့ ဈေးအတွင်း ရေနုတ်မြောင်းများတူးဖော်

**အောင်ပန်း စက်တင်ဘာ ၇**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကမြို့သန့်ရှင်းသာယာလှပရေး (၁၆)ချက်နှင့်အညီဆောင်ရွက်လျက်ရှိရာ အောင်ပန်းမြို့ သီရိမင်္ဂလာပြည်သာယာဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများမှ အမှိုက်များ တူးဖော်ရှင်းလင်းခြင်းကို စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ဆယ်ယူမှုကို လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(နယ်စပ်/စည်ပင်)**

# ခွန်ဝါစပါး တိုက်ရိုက်အစေ့ချစိုက်ပျိုး

**သာစည် စက်တင်ဘာ ၆**

သာစည်မြို့နယ် ယင်းမရိုးအုပ်စု ကွင်းအမှတ် ၁၇၆၁ နှင့် ၁၇၆၂ ကွင်း အတွင်းရှိ တောင်သူဦးကြီး ၂၇ ဦးတို့၏ လယ်မြေ ၈၉ဧကတွင် ထွန်အရှည်းပေါင်း ၁၇၃ ရှည်းဖြင့် စုပေါင်းထွန်ပြီး ခွန်ဝါစပါးမျိုးဖြင့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးပွဲကို စက်တင်ဘာ၁ရက် နံနက် ၈နာရီက ယင်းမရိုးကျေးရွာအုပ်စုရှိ အဆိုပါကွင်းများတွင် ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်၊ မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးမြင့်၊ မြို့နယ်ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးစံသိန်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် တောင်သူဦးကြီးများ တက်ရောက်ကြည့်ရှုအားပေးကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်နှင့်အဖွဲ့က လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ကျေးရွာအုပ်စု ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးပြိုင်ပွဲ မုံရွာမြို့နယ်၌ ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၀**

မုံရွာမြို့နယ် ကံပြားကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကံပြားကျေးရွာအားကစားကွင်း၌ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမြင့်အောင်၊ မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမြင့်လွင်နှင့် အလုပ်အမှုဆောင်များ၊ ကံပြားကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်များ၊ ပြိုင်ပွဲဝင် ဘောလုံးအသင်း ၂၄ သင်းမှ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမြင့်အောင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးစိုးမြင့်လွင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး အားကစားအသင်းများကို နှုတ်ဆက်အားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကံပြားကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ပြီး စက်တင်ဘာ၇ရက်မှ၂၉ ရက်အထိ ကျင်းပလျက်ရှိသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**



20-9 (16) 1 9/20/06, 1:43 AM

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် တိုးချဲ့တည်ဆောက်မည့် ဓာတ်အားခွဲရုံနေရာများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၉**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးသော်တို့ လိုက်ပါလျက် သာဝတ္ထိမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိ၍ လျှပ်စစ်ဓာတ်အားခ ငွေလက်ခံဌာနကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေနှင့် ဓာတ်အားကောက်ခံရရှိမှု အခြေအနေများအပေါ် လိုအပ်သည်များကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်က မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ဓာတ်အားခွဲရုံ တည်ဆောက်သွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✡



"မြန်မာ့ပန်းချီပညာရှင် ကြယ်ပွင့်များ"ပြပွဲတွင် ရွှေမြင့်၏ ခံစားမှုအပြည့်ဖြင့် ရေးဆွဲထားသည့် လရိပ်အလွမ်း ပန်းချီကားမှာ ကြည့်ရှုသူရင်ကို လွမ်းမောစရာ ဖြစ်စေသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာ့မူဟန်မပျက် ဆန်းသစ်စွာ ဖော်ကျူးထားသည့် နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားနေသော မြန်မာ့ပန်းချီပညာရှင်ကြယ်ပွင့်များ၏ ပန်းချီပြပွဲ

ခံစားတင်ပြသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၉**

နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်ရန်ကြိုးစားနေသော မြန်မာ့ပန်းချီအနုပညာလက်ရာများကား တစ်နေ့ထက်တစ်နေ့ ထူးခြားဆန်းသစ်စွာ ပေါ်ထွက်လျက်ရှိရာ မြန်မာ့ပန်းချီကဏ္ဍသည် အချိန်နှင့်အမျှ ဖူးပွင့်ဝေစည်လျက်ရှိသည်။

မြန်မာ့ဟန်မပျက် ခေတ်မီစွာ ဖော်ကျူးလက်စွမ်းပြသထားသည့် ပန်းချီကားများကို ရေးဆွဲပြသထားသော ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး ဗဟိုပြခန်းရှိရာ **"မြန်မာ့ပန်းချီပညာရှင် ကြယ်ပွင့်များ"**ပြပွဲသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐

# အင်ဒိုနီးရှား ကမ်းလွန်ပင်လယ်ရေအောက်၌ ရှားပါးဆန်းကြယ်သော ငါးမျိုးစိတ်သစ်များတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၁၉**

အင်ဒိုနီးရှားကမ်းလွန်ကျွန်းစုများရှိ ပင်လယ်ရေပြင်အနက်ပိုင်းတွင် ထူးခြားသော သန္တာကောင်မျိုးစိတ်များနှင့် ရှားပါးဆန်းကြယ်သော ငါးမျိုးစိတ်များကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြကြောင်း အမေရိကန်သုတေသနပညာရှင် ဒေါက်တာ အီရာဒမင်းက ပြောကြားလိုက်သည်။

ယခုတွေ့ရှိရသည့် မျိုးစိတ်ပေါင်းမှာ ၅၀ ခန့်ရှိပြီး ကိုယ်ခန္ဓာတွင် အရောင်အသွေးစုံလင်စွာပါရှိသော ငါးမန်းများ၊ အရောင်တောက်ပနေသော ငါးမျိုးစိတ်အသစ်များ၊ ထူးခြားဆန်းကြယ်သော သန္တာကောင်များဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



**ကမ္ဘာလေးတစ်ခု**

ထိုသို့ အမျိုးအစားများတွင် ငါးမျိုးစိတ်အသစ် ၂၀ ခန့်၊ ပုစွန်မျိုးစိတ်ဝင် ရှစ်မျိုးခန့်နှင့် သန္တာကောင်မျိုးစိတ် ၂၀ ခန့်တို့ဖြစ်ပြီး ၎င်းမျိုးစိတ်များသည် သီးခြားရေအောက်ကမ္ဘာလေးတစ်ခုကဲ့သို့ နေထိုင်ဖြစ်တည်နေခြင်းဖြစ်သည် ဟုဆိုသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ■

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**



# ကိုယ်ဝန်ဆောင်မိခင်၏ သွေးနမူနာကို စစ်ဆေးပါက သီတင်းခုနစ်ပတ်အတွင်း သန္ဓေသား လိင်ခွဲခြားနိုင်မည်

လန်ဒန် စက်တင်ဘာ ၁၉

**ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် မိမိ၏သန္ဓေသားသည် ယောကျ်ားလေး သို့မဟုတ် မိန်းကလေး ဟူသော အဖြေကိုသိရှိရန် ကိုယ်ဝန်ဆောင်ပြီး သီတင်းခုနစ်ပတ်အကြာတွင် သိရှိနိုင်တော့မည်ဖြစ်ကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားသည်။**

ခွဲခြားပေး

**ထိုသို့သိရှိနိုင်ရန်အတွက် ကိုယ်ဝန်ဆောင်ပြီး သီတင်းခုနစ်ပတ်ခန့် အနည်းဆုံးစောင့်ဆိုင်းရမည်ဖြစ်ပြီး တိကျသောအဖြေသိရှိရန် ကိုယ်ဝန်ဆောင်မိခင်၏ သွေးနမူနာကိုယူ၍ စမ်းသပ်စစ်ဆေးကြည့်ရှုခွဲခြားပေးခြင်းဖြစ်သည်ဟု ဆိုသည်။**

*စာမျက်နှာ ၆ ကော်လံ ၁* ●